


# မသေရာရှာဖို့ အချိန်ရောက်ပြီ

ဟောကြားသောနေ့

(၃၁-၁-၆၁)

၁၀၂

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်(၃)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့တွင် ဟောကြားတော်မူသော
တရားတော်

# မသေရာ ရှာဖို့
# အချိန်ရောက်ပြီ

(၃၁–၁–၆၁)

---

ဒကာ ဒကာမတို့ အားလုံး...တရားနာကြတဲ့ပုဂ္ဂိုလ်တွေ သတိထားစရာ အချက်ကလေးတွေ ရှေ့ပိုင်းက နည်းနည်း ပြောပါ့မယ်။

သတိထားစရာအချက်က ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက အမေးပုစ္ဆာထုတ်လို့ရှိရင်ဖြင့် ကံကောင်းလို့ အသက်ရှည်နေတယ်ဆိုတာ လူတိုင်းအဖြေထွက်ကြမှာပဲ...။ (မှန်ပါ့)။

ဦးခင်မောင် ဘယ်လို အဖြေထွက်ကြမယ်...။ (ကံကောင်းလို့ အသက်ရှည်တာပါဘုရား)။

ကံကောင်းလို့ အသက်ရှည်ကြတယ်လို့ အဖြေထွက်ကြမယ်...။

ကံကောင်းတာက ဘယ်လောက်ကြာပြီလဲလို့ မေးဖို့ လိုလာတော့ တပည့်တော်တို့ နေရတဲ့ အသက်နဲ့ အခု ရောက်ရှိနေတဲ့ အချိန်ကျအောင် ကြာရှိနေတာပါဘုရားလို့ အဖြေထွက်မယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါ တယ် ဘုရား)။

ကံကောင်းတာကဘယ်လောက်ကြာပလဲ…။(အသက် နဲ့ အမျှပါပဲဘုရား)။

ဒီအသက်နဲ့အမျှ အခု ရောက်တဲ့အချိန် ရောက်အောင် ပေါ့ဗျာ…။ (မှန်ပါ့)၊ သဘောကျကြပလား…။ (ကျပါပြီ ဘုရား)။

အဲဒီ…ကံကောင်းတာတွေကလဲ ဒကာ ဒကာမတွေ ဥပမာကလေးတစ်ခု ပြောလိုက်လို့ရှိရင် ရှင်းသွားပါလိမ့်မယ်။

ဘယ်လိုဥပမာပြောရင် ရှင်းမလဲလို့ ဒကာ ဒကာမ တွေက မေးလို့ရှိရင်ဖြင့် လောကီမှာတော့ အခုအခါမှာ ဆောင်းလအခါ ကူးလာပြီ၊ ရေကန်သည် မိုးရွာတုန်းက ရေပြည့်နေတယ်၊ ခုလို နေပူလာတဲ့အခါ ဦးခင်မောင်တို့ တဖြည်းဖြည်း ရေမခန်းဘူးလား၊ ခန်းသလား…။ (ခန်းရပါ တယ် ဘုရား)။

ဘာဖြစ်လို့ ခန်းရသတုံး၊ ကန်တော့ ကောင်းသားပဲ၊ မိုးရွာတုန်းက ရေပြည့်နေတာပဲ၊ အခု…ဘာဖြစ်လို့ခန်းတုံး ဆိုတော့ အို…နေပူလို့ တဖြည်းဖြည်းခန်းရတယ်ဘုရား …

လို့ဆိုရင် လွဲပါ့မလား...။ (မလွဲပါဘုရား)၊ မလွဲဘူးဆိုတာ သဘောကျပြီနော်...။ (မှန်ပါ့)။

**ကန်ရေခန်းရင် ငါးသေတယ်**

အဲ...ဒီကန်ထဲနေတဲ့ ငါးကလေးတွေဟာလဲ ရေဟာ တစ်နေ့ တစ်နေ့ ခန်းခြောက်၊ ခန်းခြောက်နေတော့၊ တစ်နေ့ တစ်နေ့ ခန်းခြောက်သွားတဲ့အခါကျတော့ ငါးကပဲ တိရစ္ဆာန်မို့ မသိရင် ရှိရမယ်၊ ရေခန်းတာကတော့ဖြင့် ငါးသေဖို့ပဲ ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

ရေခန်းတာ ဘာဖြစ်ချင်လို့ပါလိမ့်၊ အကဲခတ်စမ်း...။ (ငါးတွေသေဖို့ပါဘုရား)၊ ငါးသေဖို့ဆိုတာ သေချာကြ ပလား...။ (သေချာပါပြီဘုရား)။

သို့သော် ငါးက သိပါရဲ့လားလို့ တရားတစ်ပွဲလုံး မေးရင် ဘယ့်နှယ်ဖြေကြမလဲ...။ (မသိပါဘုရား)၊ ငါးက တော့ မသိဘူး၊ ရေကကော...(ခန်းပါတယ်ဘုရား)၊ ရေက တော့ ခန်းတယ်၊ ငါးကတော့ မသိဘူးဆိုတော့ ဒကာ ဒကာမတို့ စဉ်းစဉ်းစားစား ဂရုစိုက်ပါ၊ ရေကတော့ ခန်းတယ်၊ ငါးကတော့ တိရစ္ဆာန်မို့ မသိဘူးလို့ မဆိုထိုက် ဘူးလား...။ (ဆိုထိုက်ပါတယ်ဘုရား)။

ရေကတော့...(ခန်းသွားပါတယ်)၊ ငါးကတော့...

(မသိပါဘုရား)၊ တိရစ္ဆာန်မို့ မသိဘူးဆိုတာကော သဘောကျပလား…။ (ကျပါပြီဘုရား)။

ဩော်…ဒါဖြင့် ကျုပ်တို့က ကုန်းပေါ်ကနေ ကြည့်ကြစို့၊ ကျုပ်တို့ ကုန်းပေါ်ကနေ ကြည့်တာပေါ့၊ ဩော်… ငါးတွေဘုရား…နောက်များ မကြာမီဘဲ ရေခန်းပြီးသကာလ စွန်တို့၊ သိမ်းတို့၊ တောခွေးတို့၏ အစာ ဖြစ်တော့မယ်ဆိုတာကော ငြင်းဖို့ လိုသေးသလား…။ (မလိုပါဘုရား)။

ဘာဖြစ်လို့ ဒီဥစ္စာ ဒီလိုဖြစ်ရပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ရေခန်းလို့ သူတို့၏ ခိစရာ, ကပ်စရာ ရှိသေးရဲ့လား…။ (မရှိပါဘုရား)။

ခိစရာ, ကပ်စရာ မရှိတဲ့အတွက် အသက်ပါ ဆုံးရှုံးခြင်းသို့ မရောက်ရဘူးလား…။ (ရောက်ရပါတယ် ဘုရား)၊ ရေကန်မှာ မှီပြီးသကာလ နေရတာကိုးဗျ…။ (မှန်ပါ့)။

ရေကန်က ရေခန်းတော့ ငါးသည်ကားလို့ဆိုရင် ငါးသဘောအတိုင်း နေမယ်ဆိုလို့ ဦးခင်မောင်တို့၊ ဒကာသစ်တို့ ဖြစ်ပါ့မလား…။ (မဖြစ်ပါဘုရား)။

ဘာမှီပြီး နေရပါလိမ့်ဗျာ…။ (ရေမှီပြီးနေရပါတယ်)၊ ရေမှီပြီး နေရတယ်ဆိုတာ ဒကာ ဒကာမတွေပဲ စဉ်းစားပါတော့၊ ရေခန်းလေလေ,ငါးအသက်တိုဖို့ နီးလေလေဆိုတာက အထူးသဖြင့် မသေချာဘူးလား…။(သေချာပါတယ်ဘုရား)။

ထို့အတူပဲ ဒကာ ဒကာမတွေ၊ အသက်နဲ့အမျှ ကံတည်းဟူသောရေတွေက၊ ကျုပ်တို့ ပြုလုပ်ပစ်ခဲ့တဲ့ ကံတွေက ရေတွေနဲ့ တူပါတယ်နော်၊ ဒီကံတွေ ယခုအခါမှာ အရင်အတိုင်းပဲ ရှိသေးသလား၊ တစ်ဝက်ခန်းပြီလားဆိုတာ ဒကာ ဒကာမတွေ ဉာဏ်နဲ့ကြည့်စမ်း...။ (တစ်ဝက်ခန်းပါပြီဘုရား)။

ဒါဖြင့် ရေခန်းလို့ရှိရင် ငါးနဲ့တူတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေသည် ဒကာ ဒကာမတွေ အသက်ရှည်ဖို့နဲ့ တိုဖို့ ဘယ်ဟာက များပါလိမ့်...။ (တိုဖို့က များပါတယ်ဘုရား)၊ တိုဖို့က များတယ် ဆိုတာ သေချာပလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် တိုဖို့က များနေတဲ့ အထဲမှာ ကျုပ်တို့သည် ကံတည်းဟူသော ရေတွေကဖြင့် ခန်းကုန်ပေါ့ဟ...တို့ကဖြင့် မသိတဲ့ ငါးမိုက်သမားတွေပဲ၊ ငါးမိုက်သတ္တဝါတွေလိုပဲ ပြေးလား၊ လွှားလား၊ ရှာလား၊ ဖွေလား၊ ခင်လား၊ မင်လား၊ ကြင်နာလား တွေနဲ့ နေကြလို့ရှိရင်ဖြင့် ကျုပ်တို့ဟာ သေဘေးမသိတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုလို့ရှိရင် လွဲပါ့မလား...။ (မလွဲပါဘုရား)။

တယ်...စဉ်းစားဖို့ကောင်းတယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

## အသက်ကြီးလေ ကန်ရေပိုခန်းလေ

ဘယ့်နှယ်နေကြသတုံးဆိုတော့ အသက်နဲ့အမျှ အသက်ကြီးတဲ့ ပုဂ္ဂိုလ်ဟာ ကန်ရေ ပိုပြီးခန်းတယ်ဆိုလို့ ရှိရင် လွဲပါ့မလား…။ (မလွဲပါဘုရား)၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ် ဘယ်လိုဆုံးဖြတ်ချက်ချကြမယ်…။ (ကန်ရေပိုခန်း ပါတယ် ဘုရား)။

ကန်ရေပိုခန်းတယ်ဆိုတာ အခုတရားတစ်ပွဲလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့အတိတ်က ပြုခဲ့တဲ့ ရေနက်တည်း ဟူသော ကံတွေဟာ အခုအခါမှာ တစ်နေ့တခြား ဘာဖြစ် နေသလဲ စဉ်းစားစမ်းပါ…။ (ခန်းခြောက်ပါတယ်ဘုရား)၊ ခန်းတယ်နော်…။ (မှန်ပါ့)။

ရေခန်းတာ ဘာဖြစ်လို့တုံးလို့မေးလို့ရှိရင် နေပူလို့ ရေခန်းရတယ်၊ ရေခန်းလို့ရှိရင် ငါး ဘာဖြစ်မလဲဆိုတော့ သေခါနီးဖြစ်ဖို့ပဲဆိုတာကော လွဲသေးသလား…။ (မလွဲပါ ဘုရား)၊ ရေခန်းတာ ငါး ဘာဖြစ်ဖို့ပါလိမ့်…။ (သေခါနီး ဖြစ်ဖို့ပါဘုရား)၊ သေခါနီးဖြစ်ဖို့ပါပဲဆိုတာ ငြင်းဖို့ လိုသေး သလား…။ (မလိုပါဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ ပြုလာတဲ့ အတိတ်ကံတွေ ဘယ့် နှယ်များ နေကြပါလိမ့်…။ (ခန်းကုန်ပါပြီဘုရား)၊ ခန်းလာ ပြီဆိုတာ သဘောကျပလား…။ (ကျပါတယ် ဘုရား)၊

အတိတ်ကံတွေ အရင်လောက် ကျန်သေးရဲ့လား...။ (မကျန်ပါဘုရား)၊ ဘာဖြစ်ကုန်ကြပါလိမ့်...။ (ခန်းကုန်ပါတယ်)၊ ခန်းကုန်တော့ ကျုပ်တို့သည် ခုထက်တိုင်ပဲ ငါးကလေးတွေလိုပဲ အတောင်ကလေးယှက်ပြီးသကာလ ယက်ကန်၊ ယက်ကန်နဲ့ ရေကြောထဲ ပျော်နေလို့ရှိရင် သေမှာ မသိလို့ ပျော်တဲ့ အဓိပ္ပါယ် ဦးခင်မောင်တို့၊ ဒကာသစ်တို့ မရောက်လား...။ (ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ အရောင်းနဲ့၊ အဝယ်နဲ့၊ သွားလိုက်၊ လာလိုက်နေတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်ကံ ရေခန်းတာ မသိဘဲနဲ့ ငါးပျော်,ပျော်နေတယ်ဆိုတော့ တိရစ္ဆာန်ပျော်, ပျော်နေတဲ့ အဓိပ္ပါယ်ရောက်, မရောက်... (ရောက်ပါတယ်ဘုရား)၊ အဲဒါတွေ စဉ်းစားစေချင်လို့ ရှေ့ပိုင်းမှာ ဒါကလေး ထည့်ပြောပါတယ်၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ကံကို အမှီပြုနေရတဲ့ပုဂ္ဂိုလ် ကံခန်းလို့ရှိရင် အသက်တန်း ကုန်မယ် ဆိုတဲ့ ဥစ္စာ ငြင်းနေဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ကံကို အမှီပြုနေရတဲ့ ပုဂ္ဂိုလ်သည် ဒကာ ဒကာမတို့ ကံတည်းဟူသော ရေခန်းလေလေ, အသက်တမ်း ကုန်လေလေပဲ ဆိုတာကော သဘောကျကြပလား...။ (ကျပါတယ်ဘုရား)။

ယခု ကိုယ့်အသက်နဲ့ ကိုယ်ဟာနဲ့ကိုယ်ပဲ ဒကာ ဒကာမ ယှဉ်စပ်ပြီးသကာလ ကြည့်လိုက်စမ်းပါ၊ အတော် အားနည်းနေတယ်ဆိုတာကော မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

## မသေရာရှာဖို့ အချိန်ရောက်ပြီ

ခုအချိန်မှာ ငါးတိရစ္ဆာန်ကဲ့သို့ ပျော်ချိန်, ရွှင်ချိန်လား တဲ့၊ မသေရာရှာဖို့အချိန်လားဆိုတာကို အကဲခတ်ပါ...။ (မသေရာရှာဖို့အချိန်ပါ ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ ဒကာ ဒကာမတို့၊ မသေရာရှာဖို့ ရောက်နေတဲ့ အချိန်မှာ ငါးတွေလို မသိဘဲနဲ့ ရောင်းလိုက်၊ ဝယ်လိုက်၊ ပြောလိုက်၊ ဆိုလိုက်၊ နေလိုက်၊ ထိုင်လိုက်၊ သွားလိုက်၊ ရွှင်လိုက်, ပြုံးလိုက်နဲ့ ဦးခင်မောင် ဒီလိုနေလို့ ရှိရင်ဖြင့် လူ တိရစ္ဆာန်ထဲသွင်းရင် လွဲမယ် မဟုတ်ပါဘူး...။ (မဟုတ်ပါဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါတယ် ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့စဉ်းစားတော့မှ ငါတို့သည် မသေ ရာ ရှာဖို့အချိန်မှာ မရှာဘဲနဲ့ ငါးပျော်,ပျော်ပြီးသကာလ နေကလဲပူ၊ ကန်ရေကလဲခန်း၊ ငါးပျော်,ပျော်ပြီးနေလို့ရှိရင် ငါတို့ဖြင့် ခုနကပြောခဲ့တဲ့ ငါးတွေ ကျီးတို့၊ စွန်တို့၊ သိမ်း တို့ရဲ့ အစာမဖြစ်ရပေဘူးလား...။ (ဖြစ်ရပါတယ်ဘုရား)။

ဒီမှာလဲ တို့ ဒကာ ဒကာမတွေသည် အပျော်ခတ်နဲ့သာ နေကြမယ်ဆိုလို့ရှိရင်ဖြင့် အပါယ်လေးပါးတည်းဟူသော ကျီးတို့၊ ခွေးတို့၊ သိမ်းတို့အစာ ဖြစ်ရလိမ့်မယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)။ သဘောကျကြပလား...။ (ကျပါပြီဘုရား)။

ကဲ...ဒကာ ဒကာမတို့ ပျော်ချိန်လား၊ မသေရာရှာဖို့ အချိန်ရောက်ပလားလို့ မေးလိုက်ပါတယ်...။ (မသေရာရှာဖို့အချိန်ရောက်ပါပြီဘုရား)၊ မသေရာရှာဖို့အချိန်ရောက်ပြီ ဆိုတာကိုဖြင့် ငြင်းဆန်မနေကြပါနဲ့တော့လို့ ပြောလိုက်ပါတယ်...။ (မှန်ပါ့ဘုရား)၊ သဘောကျကြပလား...။ (ကျပါတယ်ဘုရား)။

## မသေရာ အရှာလာတာပါ

ယခု တရားနာလာကြတာ ဘာကိစ္စပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် "တပည့်တော်တို့ဘုရား...မသေရာအရှာလာတာပါ"လို့ တစ်ပွဲလုံး ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)၊ ဘာလုပ် လာကြပါလိမ့်...။ (မသေရာ အရှာလာတာပါဘုရား)။

ဘာဖြစ်လို့ မသေရာ အရှာလာကြပါလိမ့်မလဲလို့ အမေးထုတ်တဲ့အခါကျတော့မှ ကန့်ရေခန်းလို့ သေခါကနီးပါပြီ၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)၊ ကန့်ရေ

က ဘယ့်နှယ်တဲ့…။ (ခန်းနေပါပြီဘုရား)၊ ကန် ဆိုတာ အတိတ်ကံကို ဆိုပါတယ်နော်…။ (မှန်ပါ)။

အတိတ်ကံ ရေခန်းတော့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်က အရင်လိုပဲ ရှိသေးသလား…တဲ့၊ သေခါနီး အမူအရာတွေ ပြနေသလား…။ (သေခါနီးတဲ့အမူအရာတွေ ပြနေပါတယ်)။

## သေခါနီးတဲ့ အမူအရာတွေ ပြနေပြီ

သေခါနီးတဲ့ အမူအရာတွေပြပြီးသကာလ နေတာတောင်မှ ဒကာ ဒကာမတို့ အပျော်မပျက်၊ အပြုံးမပျက် ဆိုလို့ရှိရင် ဦးခင်မောင် ခက်သေးတယ်လို့ ဆိုရလိမ့်မယ်…။ (ဆိုရပါတယ်ဘုရား)၊ မဆိုထိုက်ဘူးလား…။ (ဆိုထိုက်ပါတယ်)၊ ဘာနဲ့ တူနေပါလိမ့်မတုံး…ဆိုတော့ မသိတဲ့ ငါး ပျော်, ပျော်နေတယ်ဆိုလို့ရှိရင် လွဲပါ့မလား…။ (မလွဲပါဘုရား)။

အဲဒါကလေးတွေကိုလဲ အိမ်ပြန်ပြီးသကာလ တို့ဆရာဘုန်းကြီးက ဘယ်လိုများ ဆုံးမလိုက်ပါလိမ့်၊ပါးစပ်ကလေးနဲ့ ပျော်မယ်ကြံ၊ အရောင်းကလေး တိုးချဲ့မယ်ကြံ၊ အဝယ်ကလေး တိုးချဲ့မယ်ကြံ၊ အဝတ်အစားကလေး ပြည့်စုံအောင်လို့ တိုးချဲ့မယ်လို့ ကြံတိုင်း ကြံတိုင်း မင်းဟာက သေခါနီးနေတာတောင်မှ တိရစ္ဆာန်မိုက်, မိုက်တုန်းပဲလားကွလို့ ကိုယ့်ကိုယ်ကိုယ် မေးစမ်းပါ…။ (မှန်ပါဘုရား)၊ ဦးခင်မောင်

မေးထိုက်, မမေးထိုက်...(မေးထိုက်ပါတယ်ဘုရား)၊ ဒကာ သစ်တို့ မေးထိုက်, မမေးထိုက်...(မေးထိုက်ပါတယ်ဘုရား)၊ သဘောကျကြပလား...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ တရားပွဲထဲမှာ မှတ်ထားတဲ့ ဥစ္စာ အိမ်ကျရင် စဉ်းစားမှ အဖိုးတန်ပါလိမ့်မယ်နော်...။ (မှန်လှပါဘုရား)။

အိမ်ကျ စဉ်းစားတဲ့ အခါကျလို့ရှိရင် ငါတို့ သားနဲ့ ပျော်၊ သမီးနဲ့ပျော်၊ အိမ်ကြောင့်ကြဖွယ်၊ အများတွေနဲ့ အပျော်ကြီး ပျော်လိုက် နေလိုက်တဲ့ဥစ္စာ၊ ဘာပျော်ပါလိမ့်မတုံး မေးတော့ တိရစ္ဆာန်လို မသိလို့ သေခါနီး ပျော်,ပျော်နေတာပါကလား ဆုံးဖြတ်ချက်ချလိုက်ပါ...။ (မှန်ပါ့ဘုရား)၊ ဘာ ပျော်,ပျော် နေကြပါလိမ့်...။ (သေခါနီးပျော်, ပျော်တာပါဘုရား)၊ သေခါနီးပျော်,ပျော်တာ နွားထောင်လို့ ဦးခင်မောင် ကောင်း, မကောင်း...(မကောင်းပါဘုရား)၊ ဒကာသစ်တို့ ကောင်း, မကောင်း...(မကောင်းပါဘုရား)။

## ငါးပျော်, ပျော်မနေကြနဲ့

အဲဒါ သေသေချာချာ စဉ်းစားကြပါ၊ တစ်ယောက်နဲ့ တစ်ယောက်လဲ ခမ္မမိတ်ဆွေချင်း ခင်ဗျား ဘာလုပ်မတုံးလို့၊ သားကလေးကိစ္စနဲ့ဗျာ လှည့်မလို့၊ မလုပ်နဲ့ဗျ...သေခါနီး ကန်ရေတွေ ကန်ခန်းပြီလို့ ဘုန်းကြီးက ဟောထားတယ်၊

ငါးပျော်တော့ ပျော်မနေနဲ့၊ ငါးပျော်ဆိုတာ တိရစ္ဆာန်၊ တိရစ္ဆာန်ဆိုတာ အဟိတ်ပုဂ္ဂိုလ်၊ အဟိတ်ဆိုတာ ဘာမှ မသိလို့ တော်တော်ကြာ ကျီး,လင်းတတို့၏ အစာဖြစ်ရတယ်၊ သိမ်း,စွန်တို့၏ အစာဖြစ်ရတယ်၊ ကျုပ်တို့ အပါယ်လေးပါး အစာတွေဖြစ်လိမ့်မယ်ဗျဆိုပြီး တစ်ယောက်, တစ်ယောက်လဲ သတိပေးကြပါ၊ သဘောကျပလား...။ (ကျပါပြီ)။

ဒါဖြင့် ရေကန်ကလဲ ခန်းခါနီးနေတော့ ဒီ ငါးကလေး တွေဟာ ဒကာ ဒကာမတို့ သေခြင်းဆိုး သေရတော့မယ် ဆိုတာ ဦးခင်မောင်တို့၊ ဒကာသစ်တို့ ငြင်းဖို့ လိုသေး သလား...။ (မလိုပါဘုရား)။

ဒီမှာလဲ ကျုပ်တို့ ဒီအတိုင်းပဲ၊ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ စီးပွားရှာ အမျိုးမျိုးနဲ့ အဖုံဖုံသာနေကြတော့မယ် ဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စဉ်းစား တာပေါ့။

တိရစ္ဆာန်ပျော်, ပျော်ပြီးသကာလ တိရစ္ဆာန်သေ, သေရ လို့ရှိရင်လဲ ကိုယ်ကျိုးလှလှကြီး နည်းရတော့မယ်ဆိုတဲ့ဥစ္စာ ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ခု ပြင်ချိန် ဆင်ချိန် ရောက်ပါပလားလို့ မေးလိုက်တယ်...။ (ရောက် ပါပြီဘုရား)၊ ပြင်ကြ ဆင်ကြပါတော့၊ လိမ္မာကြပါတော့၊ မဝေးတော့ပါဘူးဆိုတာ သဘောပါကြပလား...။ (ပါ,ပါ ယ် ဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီလောက်တောင် သတိပေးနေရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ရှင်းရှင်းနဲ့ ဘွင်းဘွင်း မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ကိစ္စတွေ ထောက်ပံ့လာရတာကြာပြီ၊ ယခုအချိန်မှာ အင်မတန် အားနည်းနေပြီလို့ ဆိုလို့ရှိရင်ဖြင့် ဒကာသစ်တို၊ ဦးခင်မောင်တို့ လွဲပါ့မလား...။ (မလွဲပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် အခုအချိန် ဘာရှာဖို့ အချိန်လဲလို့ မေးလိုက်ပါတယ်...။ (မသေရာရှာဖို့ပါဘုရား)၊ မသေရာရှာဖို့အချိန်နော်...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ်ကိုရောက်နေပါလိမ့်...။ (မသေရာရှာဖို့ အချိန်ရောက်ပါပြီဘုရား)။

မသေရာရှာဖို့ အချိန်ရောက်ပါပြီဆိုတာ သတိထားဖို့ကောင်းတယ်၊ ဒကာ ဒကာမတွေဖြစ်စဉ်က ဘုန်းကြီးက အရင်းအချာတွေမို့ပဲ သတိပေးလိုက်ပါတယ်၊ သေခါနီးတွေက သေခါဝေးတွေငဲ့ပြီး အလုပ်,လုပ်နေတဲ့ဥစ္စာ အတော်ဆိုးတယ်နော်...။ (မှန်ပါ့)၊ သေခါနီးတွေ ဘာဝ သေခါဝေးတွေ ငဲ့နေပါတယ် ဘုရား)။

သေခါဝေးငဲ့ပြီးသကာလ မအ မလပ်အောင်ဘဲ တစ်ခါတည်း စီးပွားရှာ သကာလနေတဲ့ဥစ္စာဟာ အရုပ်အဆိုးဆုံးပဲ၊ မဆိုးဘူးလား...။ (ဆိုးပါတယ်ဘုရား)၊ သေခါနီးမှ ဘယ်သူ့အတွက် ာပေးနေရသလဲ...။ (သေခါဝေးတွေ

အတွက် ရှာပေးနေရပါတယ်)၊ အခုဟာ...မိုက်လိုက်ကြတဲ့ ဖြစ်ခြင်းဟာ မပြောပါနဲ့တော့လို့ ဆိုလို့ရှိရင် ဒကာသစ်တို့က နာစရာများ ရှိသေးသလား...။ (မရှိပါဘုရား)။

## သေခါနီးက ဘယ်သူ့အတွက် ပြောနေပါလိမ့်

ခုာယ့်နှယ်လုပ်မလဲ ဘုရား...ဒီသားတွေ၊ ဒီသမီးတွေနဲ့လို့ ဒကာ ဒကာမတွေ လက်ညှိုးမထိုးကြဘူးလား၊ တပည့်တော်တို့ အလုပ်တွေ အချိုးမကျလို့ရှိရင် ဒီသားတွေ၊ ဒီသမီးတွေ ကြီးပွားရန် ကျောင်းထားရမည့်အဖြစ်၊ အိမ်ထောင်ကျရေးတွေအဖြစ်၊ သူတို့ လူလားမြောက်ဖို့ စရိတ်တွေ တပည့်တော်တို့ ဘယ့်နှယ်လုပ်ရမှာတုံးလို့ မေးခဲ့ကြရင် သေခါနီးက ပြောတာလား၊ သေခါဝေးက ပြောတာလား စဉ်းစားကြည့်စမ်း...။ (သေခါနီးက ပြောတာပါဘုရား)။

သေခါနီးက ဘယ်သူ့အတွက် ပြောနေပါလိမ့်...။ (သေခါဝေးအတွက် ပြောနေတာပါ)၊ အို...လွဲလိုက်တဲ့ ဖြစ်ခြင်း၊ ကိုယ့်အရေးတော့ ကိုယ်မသိပါကလား ဒကာ ဒကာမတို့...။ (မှန်ပါ)၊ ဘာတုံး...။ (ကိုယ့်အရေး ကိုယ်မသိပါဘုရား)၊ ကိုယ့်အရေး ကိုယ်မသိတဲ့ ပုဂ္ဂိုလ်လို့ပြောလို့ ရှိရင် လွဲပါ့မလား...။ (မလွဲပါဘုရား)။

အဲဒီလောက် ကံတွေ အရုပ်ဆိုး, အကျည်းတန်နေတဲ့ စိတ္တုပ္ပါဒ်တွေကိုလဲ သေခါနီးမှ အသေလွတ်တာ ရှာဖို့ အရေး

ကြီးပါတယ်...။ (မှန်ပါ့)၊ ဦးခင်မောင် ဘာအရေးကြီးသလဲ...(သေခါနီးမှ အသေလွတ်ရှာဖို့ အရေးကြီးပါတယ်ဘုရား)။

သေခါနီး အသေလွတ်တာရှာဖို့ အရေးကြီးတယ်ဆိုတာ သေတာ ထုံးစံပဲလို့ ဒီလိုမယူလိုက်ပါနဲ့၊ မသေရာရှိပါသေးတယ်ဆိုတာလဲ လမ်းခွဲကလေး မှတ်လိုက်ပါဦး...။ (မှန်လှပါဘုရား)။

မသေရာ ရှိသေးတယ် ဆိုတာလဲ ဘယ်လိုမှတ်ကြမယ်...။ (လမ်းခွဲရှိပါသေးတယ်)၊ လမ်းခွဲရှိပါသေးတယ်ဆိုတာလဲ ကျေနပ်ပလား...။ (ကျေနပ်ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ အခု သတိပေးလိုက်တဲ့ နှစ်ချက်ကို ကန်ရေခန်းတော့လဲ ဒကာ ဒကာမတွေ သေခါနီးလို့ပဲ၊ မသေအောင် ရှာပါတော့...။ (မှန်ပါ့)၊ တစ်ချက်နော်...။ (မှန်ပါ့)၊ သေခါနီးတွေက သေခါဝေးအတွက် ဂရုစိုက်ပြီးနေတာလဲ အမှားအလွန်ကြီးတာပဲတစ်ချက်...။

ဒါကို ပြင်ကြ ဆင်ကြပါတော့ ဆိုတာ နှစ်ချက်တည်းသတိပေးထားတယ်...။ (မှန်လှပါဘုရား)၊ ဘယ်နှစ်ချက်သတိပေးပါလိမ့်...။ (နှစ်ချက်သတိပေးပါတယ်ဘုရား)၊ နှစ်ချက် သတိပေးတယ် ဆိုတာကိုလဲ လေးလေးစားစားဒကာ ဒကာမတွေ မှတ်ပါ...။ (မှန်ပါ့ဘုရား)။

ကိုယ့်မှာ အမိဋ္ဌာန်တွေက ဘယ့်နှယ်နေကြသလဲ၊ သေခါမနီးသေးဘူးလား...။ (နီးပါပြီဘုရား)၊ နီးပြန်တော့ လဲပဲ ကျုပ်တို့ လူသတ္တဝါတွေ သေခါနီးနေပြီဆိုတဲ့ဥစ္စာ ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ဘာရှာဖို့ အချိန် ရောက်ပြီလဲ...။ (မသေရာရှာဖို့ အချိန်ရောက်ပါပြီဘုရား)။

မသေရာရှာဖို့အချိန်ရောက်ပြီ ဒကာ ဒကာမတို့၊ ဘာ ရှာဖို့ အချိန်ရောက်ပါလိမ့်...။ (မသေရာရှာဖို့ အချိန်ရောက် ပါပြီဘုရား)၊ မသေရာရှာဖို့အချိန်ရောက်ပြီဆိုတာလဲ သဘော ပါပလား...။ (ပါ,ပါတယ် ဘုရား)။

မသေရာရှာဖို့အချိန်ရောက်တဲ့အခါမှာလဲ သားသမီးက သေခါဝေး၊ မိဘက သေခါနီး၊ သေခါနီးက သေခါဝေးတွေ အတွက် စိုးရိမ်ကြောင့်ကြပြီးသကာလ၊ ဂရုစိုက်ပြီးသကာလ အထူးတလည်လုပ်နေတဲ့ အလုပ်ဟာလဲ ဒကာ ဒကာမတွေ မိုက်ပုံတစ်မျိုးပဲလို့ ဆိုလို့ရှိရင်ဖြင့် လွဲပါ့မလား...။ (မလွဲပါ ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ကိုယ့်အရေးမသိတဲ့ ပုဂ္ဂိုလ်များမှာ ဒီနှစ်ခု ဘာမှ မစဉ်းစားတော့ဘူး...။ (မှန်ပါ့)၊ စဉ်းစားသေးရဲ့လား...။ (မစဉ်းစားပါဘုရား)၊ ကိုယ့်အရေး မသိတဲ့ ပုဂ္ဂိုလ်ဟာလေ၊ ကံတွေ ခြားနားနေတာကို သူ စဉ်းစားမိရဲ့လား...။ (မစဉ်းစားပါဘုရား)၊ လူ့ဗာလဆိုတာ ကော တွေ့သေးရဲ့လား...။ (မတွေ့ပါဘုရား)။

ငါတော့ သေခါနီးပြီ၊ ငါ့အရေးဟာ မသေရာရှာဖို့ အရေးသာ ငါ ရှိတော့တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေတော့ဖြင့် သူတို့ကံနဲ့ သူတို့ပဲလို့၊ ဒီလိုထားနိုင်တဲ့ ပုဂ္ဂိုလ်ကလဲ ရှာမှ ရှားလိမ့်မယ်လို့ ထင်တယ်...။ (မှန်ပါ့)၊ ရှာမှ မရှားဘူး လား...။ (ရှားပါတယ်ဘုရား)၊ အဲဒါတွေကလဲ ကိုယ့်စိတ် ကူးတွေဟာ အခု ပြောခဲ့တဲ့ အချက်တွေကလဲ အလွဲနဲ့ အချော်ချည်းပဲ။

ဒကာ ဒကာမတို့ ကိုယ့်စိတ်ကူးတွေဟာ ဘာတဲ့ တုံး...။ (အလွဲနဲ့ အချော်ချည်းပါဘုရား)၊ အလွဲနဲ့ အချော် ချည်းပဲဆိုတာ ကြပ်ကြပ်သတိထားစမ်းပါ၊ ကိုယ့်စိတ်ကူး ဘာပါလိမ့် ဒကာ ဒကာမတို့...(အလွဲနဲ့ အချော်ချည်းပါပဲ ဘုရား)၊ အလွဲနဲ့ အချော်ချည်းပဲဆိုတော့ ဘယ်ဟာများ ကောင်းတာပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

ဘယ်ဟာကမှ ကောင်းတာမပါတဲ့အလုပ်နဲ့ အချိန် ကုန်ပြီးသကာလ နေလို့ရှိရင်ဖြင့် အသေဆိုးသေချင်လို့ပဲ လို့ ဆုံးဖြတ်ချက်ချရင် လွဲပါ့မလား...။ (မလွဲပါဘုရား)။

ဒါဖြင့် အသေဆိုးနဲ့ ဇာတ်သိမ်းကြမလား ဒကာ ဒကာမတို့၊ မသေရာပဲ သွားကြမလားဆိုတာ အမေးထုတ် ပါပြီ...။ (မသေရာဘဲ သွားပါမယ်ဘုရား)၊ မသေရာသွားတဲ့ နည်းကို ရှာဖို့ အချိန်ကော ရောက်ကြပလားလို့ မေးလိုက် ပါတယ်...။ (ရောက်ပါပြီဘုရား)၊ အချိန်လဲ သေသေချာချာ

ရောက်ပါပြီ ဆိုတာ ငြင်းဆန်ဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

အချိန်ရောက်တယ် ဆိုတာ တခြားမဟုတ်ပါဘူး၊ ကံတွေက အားနည်းလာလို့ အချိန်ရောက်ပါပြီ၊ သေခါနီးဖြစ်နေလို့ သေခါဝေး အရေးတွေ ဂရုစိုက်ဖို့အချိန်လဲ လျော့ဖို့ ရောက်ပါပြီဆိုတာ ငြင်းဖို့လိုသေးသလား...။ (မလိုပါဘုရား)။

အဲ...ဒါကြောင့် ဒကာ ဒကာတို့ မသေရာရှာတဲ့အလုပ်ကို ပြောကြပါစို့၊ ဘာပြောရမယ်...(မသေရာရှာတဲ့အလုပ်ကို ပြောရပါမယ်)၊ မသေရာရှာတဲ့အလုပ်ကို ဟောတော့မယ်၊ ဒကာ ဒကာမတွေ မသေရာရှာတဲ့အလုပ်ကို သေသေချာချာ မှတ်ပြီး မသေရာရှာတဲ့ အလုပ်ဟာဖြင့် ဘယ်အလုပ်ပါလိမ့် မတုံး မေးတဲ့အခါကျတော့မှ တဏှာကုန်တဲ့ အလုပ်သည် မသေရာရှာတဲ့ အလုပ်...။ (မှန်လှပါဘုရား)။

ဒါကလေး 'နုတ်' လုပ်ပြီး မှတ်လိုက်စမ်းပါ...။(မှန်ပါ့)၊ ဒကာ ဒကာမတို့ မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်...။ (တဏှာကုန်တဲ့အလုပ်ပါဘုရား)၊ တဏှာကုန်အောင် လုပ်တဲ့အလုပ်ပဲဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါပြီ)။

အင်း...ဟင်...မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်...။ (တဏှာကုန်အောင် လုပ်တဲ့အလုပ်ပါ

ဘုရား)၊ ရှင်းပြီနော်...။ (မှန်ပါ့)၊ ဒီ တစ်လုံးဟာ အင်မတန် အဖိုးတန်တယ်ဆိုတာ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ကျုပ်ဖြင့် မသေရာ ရှာတာပဲဆိုတော့ ဒကာ ဒကာမတွေက မသေရာဆိုတာ နိဗ္ဗာန်ပဲလို့ ပြောကြတာပဲ၊ ဒကာသစ် မပြောကြပေဘူးလား...။ (ပြောပါတယ်)၊ ပြောပင် ပြောငြားသော်လဲ သူက လိုရင်းလား၊ တဏှာကုန်မှ သူ့ဆီရောက်မှာလား...။ (တဏှာကုန်မှ သူ့ဆီရောက်မှာပါ ဘုရား)။

တဏှာကုန်မှ သူ့ဆီရောက်မှာ ဖြစ်နေသောကြောင့် မသေရာသွားတဲ့ အလုပ်သည်ကားလို့ဆိုရင် တဏှာ ကုန်အောင် လုပ်နိုင်တဲ့ အလုပ်သည် မသေရာသွားတဲ့အလုပ်၊ ဒိဋ္ဌိကုန်အောင် လုပ်နိုင်တဲ့ အလုပ်သည်လဲ လေးပိုင်းတစ်ပိုင်း မသေရာသွားတဲ့အလုပ်ပဲ ဆိုရင်ကော လွဲပါ့မလား...။ (မလွဲပါ့ဘုရား)။

ဒါကြောင့် ယနေ့ ဒကာ ဒကာမတို့ တဏှာသတ်, ဒိဋ္ဌိသတ်တွေကို ဟောတော့မယ်ဆိုတော့ သေသေချာချာ မှတ်ပါနော်...။ (မှန်လှပါ)၊ ယနေ့ ဘယ်တရားဟောမယ် ထင်ကြသလဲ...။ (တဏှာသတ်, ဒိဋ္ဌိသတ်တွေ ဟောမှာပါ ဘုရား)။

တဏှာသတ်နဲ့ ဒိဋ္ဌိသတ်ကို ဟောလိမ့်မယ်နော်၊ တဏှာ သတ်လို့ရှိရင်လဲ တဏှာနဲ့ ဒိဋ္ဌိက တွဲလျက်ကြီး ဖြစ်ပြီး

သကာလနေသောကြောင့် ပါသွားလိမ့်မယ်ဆိုတာကိုဖြင့် ရှင်းရှင်းလင်းလင်းနဲ့ပဲ မှတ်ထားကြပါ...။ (မှန်လှပါ ဘုရား)။

ကိုင်း...ဒါဖြင့် မနေ့ကသုတ်ကိုပဲ ဒကာ ဒကာမတို့ မနေ့က ပြောခဲ့တဲ့အချက်ကလေးကို အလုပ်စဉ်နဲ့တကွ ပြရမှာဖြစ်ပြီးသကာလနေတော့ သုံးရက်မြောက်လဲ ရှိပါပြီ ဒကာ ဒကာမတို့၊ ၁–နံပါတ်ကလေးကစ,ပြီး ခင်ဗျားတို့ ဖြေရှင်းကြရတာပေါ့နော်...။ (မှန်ပါ့ဘုရား)။

**သိကြားမင်းက မေး**

သိကြားမင်းက ဘုရားထံ လာလျှောက်တယ်နော်၊ လူတွေဟာ ရောဂါဥပဒ်အန္တရာယ်တွေများမှာ အင်မတန် ကြောက်ကြပါတယ်ဘုရားတဲ့၊ ထိုသို့ပင် ကြောက်ငြားသော်လဲ ရောဂါဥပဒ်အန္တရာယ် များများပြီးတော့နေတာ ဘာ့ကြောင့်ပါလိမ့်မလဲလို့ လျှောက်တော့ ဘုရားက ဘာဖြေလိုက်သလဲ...။ (ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

**ရောဂါများတာ ဘာ့ကြောင့်လဲ**

သြော်...ဣဿာ မစ္ဆရိယကြောင့် ရောဂါဥပဒ် အန္တရာယ်တွေ များတယ်လို့ ဖြေလိုက်တော့ ဒါလဲ ပြီးသွားတာ မဟုတ်လား...။ (မှန်ပါ့)၊ ဣဿာမစ္ဆရိယဆိုတဲ့ တရား

ဟာလဲ ဒကာ ဒကာမတို့ အကြောင်းမရှိဘဲနဲ့ လာပါ့မလား…။ (မလာပါဘုရား)။

**ချစ်ခြင်း , မုန်းခြင်း ရှိလို့**

အကြောင်းမရှိဘဲနဲ့ မလာတော့ အကြောင်းရှာကြပါစို့…ဆိုတော့ သိကြားက မေးတယ်၊ အရှင်ဘုရား… ဣဿာမစ္ဆရိယ ဘယ်ကများလာပါလိမ့်…။ (ချစ်ခြင်း, မုန်းခြင်း, ပီယာ ပီယကြောင့်ပါ)၊ ချစ်ခြင်း, မုန်းခြင်းရှိလို့ ရှိရင် ဣဿာမစ္ဆရိယလာတယ်၊ ဣဿာမစ္ဆရိယရှိလို့ရှိရင် ရောဂါများတယ်၊ ဘေးဥပဒ်အန္တရာယ်တွေ များတယ်ဆိုတာကော ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါက တိုတိုပဲ ပြောသွားပါ့မယ်၊ အလုပ်စခန်း ယနေ့ သေသေချာချာ ပြရမှာဖြစ်နေလို့၊ ကိုင်း… ဒကာ ဒကာမတို့ ချစ်ခြင်း, မုန်းခြင်းသည် ဘယ်ကများလာပါလိမ့်မလဲလို့ မေးလိုက်ပါတယ်…။ (ဆန္ဒကလာပါတယ် ဘုရား)။

ဆန္ဒက လာတယ်လို့ ဘုရားက သိကြားကို ဖြေလိုက်တဲ့အခါ သိကြားက ယုံမှား သံသယကင်းပါပြီဘုရား…လို့ လျှောက်လိုက်တယ်၊ အကျယ်မပြောတော့ဘူး၊ အကျယ်မနေ့က ပြောပြီးပြီနော်…။ (မှန်လှပါဘုရား)။

ဒီ ဆန္ဒက ဘယ်က လာပါလိမ့်မတုံးလို့ အမေးထုတ် ပြန်တော့လဲ ဘုရားက ဘယ့်နှယ် ဖြေလိုက်ပါလိမ့်...။ (ဝိတက်က လာပါတယ်ဘုရား)၊ ဝိတက်က လာတယ်လို့ ဖြေလိုက်တော့ ဒါလဲ သိပြီးသားပဲ ထားပါတော့နော်...။ (မှန်ပါ့)။

ဒီ ဝိတက်က ဘယ်က လာပါလိမ့်မတုံးဘုရားလို့ အကျိုးအကြောင်း ဆက်ပြီးသကာလ သိကြားက မေးပြန် တော့ ဘုရားက တဏှာ၊ မာန၊ ဒိဋ္ဌိက လာတယ်လို့ ဖြေတော်မူတယ်...။ (မှန်ပါ့)၊ မဖြေဘူးလား...။ (ဖြေပါ တယ်)၊ ဘယ်က လာပါလိမ့်...။ (တဏှာ၊ မာန၊ ဒိဋ္ဌိက လာပါတယ်)၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စက လာတယ် လို့ ဘုရားက ဖြေလိုက်တယ်နော်...။ (မှန်ပါ့)၊ အဲ...သုတ် မဟာဝါ ပါဠိတော်မှာ သက္က ပဉှသုတ် ဆိုပြီး သကာလ ဒီအတိုင်းပဲ ဟောတယ်။

ကောင်းပြီ...ဒါတွေကတော့ဖြင့် ဒကာ ဒကာမတို့ သူ့အကျိုးအကြောင်း ဆက်ပြီး သိထားတော့ တစ်ခါ သိကြားက ဆက်ပြီးသကာလ ဦးခင်မောင်တို့၊ ဒကာသစ် တို့ မေးပြန်တယ်နော်...။ (မှန်ပါ့)။

## တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်ချင်ရင် ဝေဒနာရှု

အရှင်ဘုရား ဒီ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရားတော့ဖြင့် သဘောကျပါပြီ၊ သူက လာတယ်ဆိုတဲ့ဥစ္စာ သူ့ကြောင့် ဝိတက်ဖြစ်တယ်ဆိုတာ တပည့်တော် ကျေနပ်ပါပြီ၊ တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်တဲ့တရား မရှိဘူးလား ဘုရား...တဲ့၊ ဦးခင်မောင် ဒါ အချက်ပဲ...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်တဲ့ တရားမရှိဘူးလား ဘုရား၊ ချုပ်အောင် ကျင့်စရာတရားများ မရှိဘူးလား ဘုရား့...လို့ မေးပါတယ်...။ (မှန်ပါ့ဘုရား)၊ မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာကမ္မဋ္ဌာန်းရှုကွ...တဲ့၊ ဘာဖြေလိုက်ပါလိမ့်...။ (ဝေဒနာကမ္မဋ္ဌာန်းရှုတဲ့)။

**ဝေဒနာနုပဿနာ ရှုနည်း**

ကိုင်း...ဒကာ ဒကာမတို့၊ ယနေ့ ဘာဟောရမယ်ဆိုတာဖြင့် တရားထွက်လာပါပြီ...။ (မှန်ပါ့)၊ ဘာဟောရမယ်...။ (ဝေဒနာကမ္မဋ္ဌာန်း ဟောရပါမယ်ဘုရား)။

ဝေဒနာကမ္မဋ္ဌာန်း ဟောရမယ်၊ ဝေဒနာနုပဿနာရှုနည်းနိဿရည်းကိုပဲ ဒကာ ဒကာမတွေ ချီးမြှောက်ထောက်ပင့်ရတော့မယ်ဆိုတဲ့ ဥစ္စာဖြင့် ဘုန်းကြီးတို့က ဟောတာလား၊ ဘုရားက ဝေဒနာရှုမှ တဏှာ၊ မာန၊ ဒိဋ္ဌိ စင်မယ်

လို့ သိကြားကို ဟောတာကို ဘုန်းကြီးတို့က အတုလိုက်ပြီး သကာလ ဟောရခြင်း၊ ပြောရခြင်း ဖြစ်ပါတယ်ဆိုတော့ ခိုင်လုံတဲ့ အဓိပ္ပါယ်တွေ မသေချာဘူးလား...။ (သေချာပါတယ် ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဘယ်က လာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ကုန်စေချင်လို့ရှိရင်ဖြင့် ဘယ်တရားများ ကျင့်ကြံကြိုးကုတ် အားထုတ်ရပါ့မလဲ မေးလိုက်တဲ့အခါ ကျတော့ ဘုရားက ဘာဖြေလိုက်ပါလိမ့်...။ (ဝေဒနာရှုပါ)၊ ဝေဒနာကမ္မဋ္ဌာန်း ကြိုးစားရှု၊ ဒကာ ဒကာမတို့ ဘာကြိုးစား ရမယ်...(ဝေဒနာကမ္မဋ္ဌာန်း ကြိုးစားရပါမယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဝေဒနာကမ္မဋ္ဌာန်း ကြိုးစားရမယ် ဆိုတော့ ဒကာ ဒကာမတို့ သိပါပြီ၊ ယခု ဝေဒနာကမ္မဋ္ဌာန်း ပဲ ဆရာဘုန်းကြီး ဟောရတော့မယ်ဆိုတဲ့ အချိန်လဲ ရောက် ပါပြီနော်...။ (မှန်လှပါဘုရား)။

ဝေဒနာကမ္မဋ္ဌာန်းကို ဒကာ ဒကာမတို့ ပြောပြမယ်၊ သတိထားပါ၊ သောမနဿဝေဒနာက နှစ်မျိုး၊ သောမနဿ ဝေဒနာက ဘယ်နှစ်မျိုးပါလိမ့်...။ (နှစ်မျိုးပါဘုရား)။

ဒေါမနဿဝေဒနာကလဲ နှစ်မျိုးပဲ...လို့ မှတ်ထား လိုက်စမ်းပါ၊ ဥပေက္ခာဝေဒနာကော နှစ်မျိုးပဲလို့ မှတ်ထား လိုက်စမ်းပါ ဒကာ ဒကာမတို့။

ကိုင်း...ဒါ အားထုတ်ရမည့်တရားဖြစ်သောကြောင့် အသေကို လွတ်အောင် လုပ်ရမည့်တရားက တဏှာသတ်မှ အသေလွတ်မှာဖြစ်လို့ 'ဝေဒနာ ပစ္စယာ တဏှာ'ဆိုတော့ ဝေဒနာမှ မသတ်ရင်လဲ အားလုံး တရားတစ်ပွဲလုံး ဒကာ ဒကာမတို့ တဏှာသေပါ့မလား...။ (မသေပါဘုရား)၊ ဝေဒနာပစ္စယာ...(တဏှာပါဘုရား)၊ ဟော...ဝေဒနာသာ ရှိရင် တဏှာလာမယ်၊ သေချာကြပလား...။ (သေချာပါတယ် ဘုရား)၊ ကိုင်း...ဘုရားကပဲ ဟောလိုက်တယ်၊ ဝေဒနာ နိရောဓာ...(တဏှာနိရောဓောပါဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ ခုနက ဖြေခဲ့တဲ့ ဆရာဘုန်းကြီး ပြောဆိုတဲ့ စကားအတိုင်း နိဗ္ဗာန်လိုချင်ရင် တဏှာသတ်မှ ရမယ်ဆိုတဲ့ဥစ္စာသည် ဩော်...ဒီဝေဒနာကို မရှုလို့ရှိရင် တဏှာကဖြင့် ဘယ်နည်းနဲ့မှ မသေဘူး၊ ဝေဒနာ ဝင်တိုင်းသာ သာယာနေကြမယ်ဆိုရင် ဝေဒနာပစ္စယာ ဘာ လာမယ်...။ (တဏှာလာပါမယ်ဘုရား)။

ကောင်းပြီ၊ ဝေဒနာကို ကျုပ်တို့က ဝိပဿနာရှုကြပါစို့ ဆိုတော့ ဝေဒနာနိရောဓာ...(တဏှာနိရောဓောပါဘုရား)၊ ဩော်...'ဝေဒနာနိရောဓာ တဏှာနိရောဓော' ဆိုတော့ တဏှာသေချင်ရင် ဝေဒနာရှု၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ တဏှာသေချင်ရင်...(ဝေဒနာရှုရပါမယ်ဘုရား)၊ ဝေဒနာ

ရှုရမယ်ဆိုတာ ဒကာ **ဒကာ**မတို့ သဘောအထူးပါကြပလား...။ (ပါ,ပါ**တယ်**ဘုရား)။

သို့သော် သက္ကပဥ္စသုတ်မှာ ဟောတော်မူတဲ့ ဝေဒနာသည် သောမနဿဝေဒနာကလဲ နှစ်မျိုး...။ (မှန်ပါ့)၊ ဒေါမနဿ ဝေဒနာကော...(နှစ်မျိုးပါဘုရား)၊ ဉပေက္ခာဝေဒနာကော...(နှစ်မျိုးပါဘုရား)၊ နှစ်မျိုးလို့ မှတ်ထားစမ်းပါ ဒကာဒကာမတို့...(မှန်ပါ့)၊ ဝေဒနာ ဘယ်နှစ်မျိုးစီရှိပါလိမ့်...(နှစ်မျိုးစီရှိပါတယ်ဘုရား)။

နှစ်မျိုးစီရှိပြီးသကာလနေတော့ ဒီဝေဒနာတွေကို ဒကာဒကာမတွေ ရှေးတုန်းက ဘုန်းကြီး ပြောခဲ့တာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဉပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုးတည်းပဲ ဟောခဲ့တယ်နော်...။ (မှန်ပါ့)။

ဒီ သက္ကပဥ္စသုတ် ကျပြန်တော့လဲ ခြောက်မျိုးလို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်၊ ဝေဒနာကို စလိုက်တဲ့အခါကျတော့ သုခ၊ ဒုက္ခ၊ ဉပေက္ခာပဲ ရှိပါတယ်...။ (မှန်ပါ့)၊ ဦးခင်မောင် ဘာရှိသတုံး...။ (သုခ၊ ဒုက္ခ၊ ဉပေက္ခာပဲ ရှိပါတယ်)၊ ပေါင်းလိုက်တော့...(သုခ၊ ဒုက္ခ၊ ဉပေက္ခာပဲ ရှိပါတယ်)။

သို့သော်လဲ သုခနဲ့ သောမနဿ အတူတူထားလိုက်၊ အဲဒီတော့ သောမနဿ ဝေဒနာကလဲ နှစ်မျိုးကွ...လို့ ဘုရားက ဒီနေရာမှာ ဟောထားတယ်...။ (မှန်လှပါဘုရား)၊ ဒေါ

မနသ ဝေဒနာကော...(နှစ်မျိုးပါဘုရား)၊ ဥပေက္ခာဝေဒနာကော..(နှစ်မျိုးပါဘုရား)။

ကောင်းပြီတဲ့၊ ဝေဒနာ အခုပြထားတော့ သောမနဿက နှစ်မျိုး၊ ဒေါမနဿက နှစ်မျိုး၊ ဥပေက္ခာက နှစ်မျိုးဆိုတော့ ဒကာ ဒကာမတို့ ခြောက်မျိုးမနေဘူးလား...။ (မှန်လှပါဘုရား)၊ ခြောက်မျိုးပေမယ့် သောမနဿဆိုတော့ သောမနဿချင်းအတူတူပါပဲ၊ ဒေါမနဿချင်းကော...(အတူတူပါဘုရား)၊ ဥပေက္ခာချင်းကော...(အတူတူပါဘုရား)၊ အတူတူပါပဲ...တဲ့၊ သို့သော် ဘယ့်နယ်ကြောင့် ဗုဒ္ဓဘုရားသည် ဤနေရာမှာ သောမနဿ နှစ်မျိုး၊ ဒေါမနဿ နှစ်မျိုး၊ ဥပေက္ခာနှစ်မျိုးထားပြီး ဟောပါလိမ့်မလဲ လို့ ဆိုတဲ့ပုစ္ဆာက ဒကာ ဒကာမတို့ ယနေ့ ရှင်းပြပါတော့မယ်...။ (မှန်ပါ)။

သောမနဿက ခင်ဗျားတို့ အပါယ်ကျစေတတ်တဲ့ သောမနဿက တစ်မျိုး၊ သဘောကျပလား...။ (ကျပါပြီ)၊ အပါယ်ကျစေတတ်တဲ့ သောမနဿက တစ်မျိုးပါ၊ ပါယ်မကျစေတတ်တဲ့ သောမနဿက...(တစ်မျိုးပါ)။

ဩော်...ဒါကြောင့် နှစ်မျိုးပြောလ ဘကိုး...။ (မှန်လှပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ သောမနဿက အပါယ်ကျစေတတ်တဲ့...(သောမနဿတစ်မျိုး)၊ အပါယ်

မကျစေတတ်တဲ့…(သောမနဿတစ်မျိုး)၊ ဘယ်နှစ်မျိုး ရှိသွားပြီလဲ…(နှစ်မျိုးပါဘုရား)။

ကဲ…ဒါဖြင့် ဒေါမနဿကလဲ တစ်ခါလုပ်ကြပါဦး စို့၊ အပါယ်ကျစေတတ်တဲ့ ဒေါမနဿက…(တစ်မျိုးပါ)၊ အပါယ် မကျစေတတ်တဲ့ ဒေါမနဿက…(တစ်မျိုးပါ ဘုရား)။

ဖြုန်းခနဲ ဆိုတော့ နားထဲမှာ ဆန်းသွားတယ်…။ (မှန်ပါ့)၊ ဒေါမနဿဆိုရင် အပါယ်ကျတာချည်းပဲလို့ ဒီလိုလဲ မှတ်ချင်မှတ်လိမ့်မယ်နော်…နောက် ရှင်းပြပါ့မယ်…တဲ့၊ ဒါ သေသေချာချာ မှတ်ကြပါ၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ ရှိပါသေးတယ်…။ (မှန်ပါ့)။

ဥပေက္ခာကလဲ **ဒကာ** ဒကာမတွေ ဒီအတိုင်းပဲ၊ အပါယ်ကျစေတတ်တဲ့ **ဥပေက္ခာ**က တစ်မျိုး၊ အပါယ်မကျစေ တတ်တဲ့…(ဥပေက္ခာ **တစ်**မျိုးပါဘုရား)၊ ဒါ သေသေ ချာချာမှတ်ပါ၊ ဒီတ**ရားကို** ယနေ့မှပဲ စ,ပြီး အရင် ဒကာ ဒကာမတွေ နာနေတဲ့ တရားနဲ့ ဩော်…သက္ကပဥ္စသုတ်မှာ ဟောပြန်လို့ ခွဲလာတာကိုးလို့ဆိုတာ ဒကာသစ်တို့၊ ဦးခင် မောင်တို့ တရားတစ်ပွဲလုံး မှတ်ကြစမ်းပါ…။ (မှန်ပါ့ ဘုရား)။

ကောင်းပြီ…ပြန်မေးရမယ် ဒကာ ဒကာမတို့၊ မသေ ရာရှာတာ ဒီဝေဒနာတွေနဲ့ ရှာရမှာဖြစ်နေတော့ ဒီအားလုံး

မှာ ဝေဒနာချည်းပါပဲနော်…။ (မှန်လှပါဘုရား)၊ အဲဒီ ဝေဒနာတွေကို ဒကာ ဒကာမတွေက သောမနဿဝေဒနာ ကတော့ ဘယ်နှစ်မျိုးပါလိမ့်…။ (နှစ်မျိုးပါဘုရား)၊ အပါယ်ကျစေတတ်တာ…(တစ်မျိုးပါဘုရား)။

ဒေါမနဿကလဲ…(နှစ်မျိုးပါဘုရား)၊ အပါယ်ကျစေတတ်တာ…(တစ်မျိုးပါဘုရား)၊ အပါယ်မကျစေတတ်တာ…(တစ်မျိုးပါဘုရား)၊ ဥပေက္ခာကလဲ…(နှစ်မျိုးပါဘုရား)၊ အပါယ်ကျစေတတ်တာက…(တစ်မျိုးပါဘုရား)၊ အပါယ်မကျစေတတ်တာက…(တစ်မျိုးပါဘုရား)၊ ဒီလို ကြည့်ပါ၊ သိကြား ရတဲ့ ဝေဒနာကို ဒီလိုခွဲတယ်၊ သဘောပါကြပလား…။ (ပါ,ပါတယ်ဘုရား)။

ဝေဒနာ ဘယ်ဘက်လှည့်နေသလဲ၊ သောမနဿပေမယ့်လဲ အပါယ်ကျတဲ့ သောမနဿ၊ အပါယ်မကျတဲ့ သောမနဿ။

ဒေါမနဿကလဲ အပါယ်ကျတဲ့ ဒေါမနဿ၊ အပါယ်မကျတဲ့ ဒေါမနဿဆိုတော့ ဦးခင်မောင်တို့ နားထဲတော့ ခပ်ဆန်းဆန်းဖြစ်ချင်လဲ ဖြစ်သွားမယ်…။ (မှန်ပါ့)၊ ဒေါမနဿဆို အပါယ်သွားတာချည်းပဲကွ၊ ဒီလိုယူလဲ ယူပစ်ကြလိမ့်မယ်နော်…။ (မှန်ပါ့)၊ ဒီလို မယူနဲ့…တဲ့။

ဥပေက္ခာထဲကလဲ အပါယ်ကျစေတတ်တဲ့ ဥပေက္ခာ

နော်...။ (မှန်ပါ)၊ အပါယ်မကျစေတတ်တဲ့...(ဥပေက္ခာ)၊ ဒီလိုမရှိပေဘူးလား...။ (ရှိပါတယ်ဘုရား)။

· ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ ရှင်းပြီး သကာလွှာ ပြပါတော့မယ်၊ ဒီ သောမနဿ ဒကာ ဒကာမတွေ စဉ်းစားကြည့်စမ်း၊ ချောချောလှလှ, ယဉ်ယဉ် ကျေးကျေး, နူးနူးညံ့ညံ့ကလေးတွေ ကိုင်ရ၊ တွယ်ရ၊ မြင်ရ တဲ့အခါကျတော့ လိုချင်တဲ့ သောမနဿ မလာဘူးလား...။ (လာပါတယ်ဘုရား)၊ လောဘ**သောမနဿ** မလာဘူး လား...။ (လာပါတယ်**ဘုရား**)။

အဲဒီ သောမနဿမျိုးကျတော့ ဘယ်လိုဆုံးဖြတ်ချက် ချပါမတုံးဆိုတော့ လိုချင်တဲ့ သောမနဿမျိုးဖြစ်တော့ ဒါ တဏှာမဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ တဏှာ လာလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဆက်ကြပေတော့၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား...။ (လာပါတယ် ဘုရား)၊ ဇာတိ၊ ဇရာ၊ မရဏ ဆိုတော့ အပါယ် ဇာတိ၊ ဇရာ၊ မရဏပဲ ထားလိုက်ပါတော့ ဒကာ ဒကာမတို့...။

ဩော်...ဒီ သောမနဿမျိုးကျတော့၊ လောဘ သောမနဿမျိုးကျတော့ အပါယ်ကျစေတတ်တဲ့ သော မနဿမျိုး၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ ဒါ အပါယ်ကျ စေတတ်တဲ့ သောမနဿမျိုးဆိုတာ ဒကာ ဒကာမတွေ ကြပလား...။ (ရှင်းပါပြီဘုရား)။

ပြန်ပြောပါဦး၊ ဒါကလေး ရှင်းသွားအောင်နော်...။ (မှန်ပါ)၊ ကိုင်း...အပါယ်ကျနေတတ်တဲ့ သောမနဿ တစ်မျိုး၊ အပါယ်မကျစေတတ်တဲ့ သောမနဿ တစ်မျိုး ရယ်လို့ နှစ်မျိုး ဘုရားက ဟောထားတဲ့ဥစ္စာ၊ အပါယ်ကျစေတတ်တာက ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေကို ရှင်းလင်းပြီး ပြရလို့ရှိရင်ဖြင့် သိကြားကို ဘုရားရှင်ပေးတဲ့ အတိုင်း ဘုန်းကြီး ရှင်းပေးနေတယ်ဆိုတာကိုလဲ ဒကာသစ်တို့၊ ဦးခင်မောင်တို့ ကျေနပ်ပလား...။ (ကျေနပ်ပါတယ် ဘုရား)။

အပါယ်ကျစေတတ်တဲ့ သောမနဿ တစ်ခုသော အာရုံကို စိန်ကလေး၊ ကျောက်ကလေး၊ မြကလေး၊ တိုက်ကလေး၊ ကားကလေး အစရှိသည် မြင်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီပုံကလေး သဘောကျလိုက်တာ၊ ဒါကလေး ရချင်လိုက်တာဆိုတော့ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ဦးခင်မောင် ရချင်တယ်ဆိုတာ ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ဒါ...ဘာ သောမနဿလို့ ဆိုမတုံး...။ (လောဘ သောမနဿပါဘုရား)။

လောဘ သောမနဿဆိုတော့ လောဘက တွဲမနေဘူးလား...။ (တွဲနေပါတယ်)၊ လောဘဆိုတာ တဏှာပဲ မဟုတ်လား...။ (တဏှာပါဘုရား)၊ အဲ...တဏှာပစ္စယာ ဥပါဒါန်ပါဘုရား)၊ ဥပါဒါန်ဖြစ်သွားပြီနော်...။ (မှန်ပါ)၊

ဥပါဒါနပစ္စယာ...(ကမ္မဘဝပါ)၊ ကမ္မဘဝပစ္စယာ...(ဇာတိပါ)၊ ဇာတိပစ္စယာ...(ဇရာမရဏပါ)။

ဇရာ မရဏတွေဆိုတော့ ဒကာ ဒကာမတွေ ယဉ်ကျေးပြီးသားတွေ ဖြစ်နေတော့ ဒီ သောမနဿ ဖြစ်ကောင်း၊ မဖြစ်ကောင်း..,.(မဖြစ်ကောင်းပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဒီ သောမနဿသည်ကားလို့ဆိုရင် အပါယ်ကျမှာ ဖြစ်လေသောကြောင့် ဖြစ်ကောင်းပါရဲ့လား...။ (မဖြစ်ကောင်းပါ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် အပါယ်မကျစေတတ်တဲ့ သောမနဿ၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ သောမနဿကျလာတော့လဲ ဒကာ ဒကာမတို့ ဒီလိုလုပ်ကြစို့၊ အာရုံကလေးတစ်ခုမြင်လိုက်တယ်၊ မြင်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ အာရုံတစ်ခုကို ဒီတရားဓမ္မအားထုတ်လိုက်တဲ့အခါကျလို့ရှိရင် တရားဓမ္မတွေ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဖြစ်စေ၊ စိတ်ဖြစ်စေ ဒကာ ဒကာမတို့ ဘုန်းကြီး သင်ထားတာက ဖြစ်ပြီး ပျက်တယ်လို့ ရှုပါလို့ သင်မထားဘူးလား...။ (သင်ထားပါတယ်)။

အဲဒါကလေးတစ်ချက် မိလိုက်တဲ့အခါကျတော့လဲ ဝမ်းမသာဘူးလား...။ (ဝမ်းသာပါတယ်ဘုရား)၊ ဟ...ဖြစ်ပျက် တစ်ချက်တော့ မိပြီ၊ ဖြစ်ပျက်အနိစ္စတစ်ချက်တော့ မိပြီဆိုတော့ ဝမ်းမသာဘူးလား...။ (သာပါတယ်ဘုရား)၊

အဲဒီ ဝမ်းသာတာမျိုးဆိုတော့ ဝိပဿနာနဲ့ ဝမ်းသာတာဖြစ်နေသောကြောင့် ဒကာသစ်တို့၊ ဦးခင်မောင်တို့ ဖြစ်ကောင်းတဲ့ သောမနဿ...(မှန်လှပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါက ဝိပဿနာအလုပ်,လုပ်မှ ဖြစ်မှာပါကလား...။ (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘယ်လိုမှ ဖြစ်မှာပါလိမ့်...။ (ဝိပဿနာအလုပ်,လုပ်မှ ဖြစ်မှာပါဘုရား)၊ အလုပ်,လုပ်မှ ဖြစ်မှာပဲဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ခုနက ကောင်းစားတာနဲ့ ဒီကောင်းစားတာနဲ့ မခြားနားဘူးလား...။ (ခြားနားပါတယ်ဘုရား)၊ ဒါဖြင့် လိုချင်, ရချင်တဲ့ သောမနဿ ပဋိစ္စသမုပ္ပါဒ်ဆက်တယ်...။ (မှန်ပါ)၊ တရားအားထုတ်လို့ ဝမ်းမြောက်တဲ့ သောမနဿမျိုး ကျလာတဲ့ အခါကျလို့ရှိရင် တရားကို မြင်လိုက်လို့ ဝမ်းမြောက်ပြီး သင်္ခါရ ဩော်...ဖြစ်ပျက်ကလေးတွေ မြင်ရတာ အနိစ္စ ရှိလို့ အနိစ္စ သိရတာ ဝမ်းမသာဘူးလား...။ (ဝမ်းသာပါတယ် ဘုရား)။

အနိစ္စရှိ၍ အနိစ္စသိရတာ ဝမ်းသာတဲ့အခါကျလို့ရှိရင် ဖြင့် ဒီ ဝမ်းသာလုံးကျတော့ ဒကာ ဒကာမတွေ ဘယ်နည်းနဲ့ သူ အပါယ်သွားဦးမလဲ...။ (မသွားပါ)၊ တရားထဲများ ဖြစ်ပျက်ကလေးတွေမြင်လို့၊ ဖြစ်ပျက်ကလေးတွေ မုန်းတဲ့

ဉာဏ်ကလေးတွေမြင်လို့၊ အဖြစ်အပျက် အဆုံးကလေးတွေ မြင်လိုက်လို့ ဝမ်းသာတာကော မရှိဘူးလား…။ (ရှိပါတယ် ဘုရား)၊ အဲဒီ ဝမ်းသာတာကလဲ သောမနဿပဲ မဟုတ်လား…။ (မှန်ပါ့)၊ ဒီသောမနဿကလေးကျတော့ ဒကာ ဒကာမတို့ ဖြစ်ကောင်းပါတယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် သောမနဿက ဘယ်နှစ်မျိုးထားပါလိမ့် ဘုရားက…(နှစ်မျိုးထားပါတယ် ဘုရား)၊ ဖြစ်ကောင်းတဲ့ သောမနဿ…(တစ်မျိုးပါဘုရား)၊ မဖြစ်ကောင်းတဲ့ သော မနဿ…(တစ်မျိုးပါဘုရား)၊ သောမနဿ ဘယ်နှစ်မျိုး ရှိပါလိမ့်…။ (နှစ်မျိုးပါဘုရား)၊ ဖြစ်ကောင်းတဲ့ သောမနဿ က…(တစ်မျိုးပါဘုရား)၊ မဖြစ်ကောင်းတဲ့…(သောမနဿ တစ်မျိုးပါဘုရား)။

ဒါဖြင့် ဝိပဿနာ မရှုဘဲနဲ့ လိုချင်,ရချင်တဲ့ သော မနဿကျတော့ ဘယ့်နှယ်ဆိုကြပါမယ်…။ (မဖြစ်ကောင်းတဲ့ သောမနဿပါ)၊ မဖြစ်ကောင်းတဲ့ သောမနဿ၊ အဘယ့် ကြောင့် မဖြစ်ကောင်းသတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်ကြီး လည်သောကြောင့်…(မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ ဘယ့်နှယ်ကြောင့် မဖြစ်ကောင်းပါလိမ့်…။ (ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်လည်သောကြောင့်ပါ)၊ ပဋိစ္စသမုပ္ပါဒ်

စက်ရဟတ်လည်သောကြောင့်ဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ...ဖြစ်ကောင်းတဲ့ သောမနဿကတော့ ဒကာ ဒကာမတွေ တရားကလေး အားထုတ်လို့ အနိစ္စကလေး မြင်တဲ့အတွက် ဝမ်းသာ၊ ဒုက္ခကလေးမြင်တဲ့အတွက် ဝမ်းသာ၊ အနတ္တမြင်တဲ့အတွက် ဝမ်းသာပြီးသကာလ ဒုက္ခအဆုံးကလေးများ မြင်လိုက်လို့ ဝမ်းသာရတဲ့အခါကော မရှိဘူးလား...။ (ရှိပါတယ်ဘုရား)။

ဝမ်းထဲမှာ အေးချမ်းပြီးသကာလ ဝမ်းထဲမှာ ဝမ်းမြောက်လို့မဆုံးဖြစ်နေတဲ့အခါကော မရှိဘူးလား...။ (ရှိပါတယ် ဘုရား)၊ အရင်က မတွေ့ဖူးတဲ့ အာရုံ၊ တစ်သံသရာလုံးက အနိစ္စမမြင်ဘူး၊ ဒီ အနိစ္စတွေမြင်ရလို့ ဝမ်းသာလိုက်တာ ဆိုတာမျိုးကျတော့လဲ ဒီဝမ်းသာလုံးကလေးက ဖြစ်ကောင်း, မဖြစ်ကောင်း...(ဖြစ်ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဖြစ်ကောင်းပါလိမ့်မလဲ...လို့ ဒကာ ဒကာမတွေက အမေးထုတ်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ သောမနဿဖြစ်သောကြောင့် ဘုရားက ဖြစ်ကောင်းတယ်...တဲ့၊ သောမနဿ ဘယ်နှစ်မျိုးပါလိမ့်...။ (နှစ်မျိုးပါဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဝိပဿနာရှုပုံကိုတော့ နောက်မှ

ပြောကြပါစို့၊ ဒီ ခြောက်ခုကို ဘုရား ဟောတဲ့အတိုင်း နည်းနည်းကလေး ရှင်းပြပါဦးမယ်နော်...။ (မှန်ပါ)။

ဒေါမနဿကလဲ ဒကာ ဒကာမတို့...မဖြစ်ကောင်းတဲ့ ဒေါမနဿတစ်မျိုး၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ...(တစ်မျိုးပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဒေါမနဿကလဲ ဘာတဲ့...(နှစ်မျိုးပါပဲဘုရား)၊ ဖြစ်ကောင်းတဲ့...(ဒေါမနဿတစ်မျိုးပါဘုရား)၊ မဖြစ်ကောင်းတဲ့...(ဒေါမနဿတစ်မျိုးပါ ဘုရား)။

ဪ...ဒေါမနဿပေမယ့် ဦးခင်မောင်ရေ...ဖြစ်ကောင်း,မဖြစ်ကောင်း ရှိပါသေးသလား...။ (မှန်ပါ)၊ ဖြစ်ကောင်း, မဖြစ်ကောင်း ရှိသေးတယ်ဆိုတာ ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒီ ဒေါမနဿ မဖြစ်ကောင်းတာကတော့ ဒီဘက်ကနေပြီးသကာလ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်မြင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် မျက်နှာကလေး ယမ်းသွားလိုက်၊ မျက်စိကလေး, ပါးကလေး ယမ်းပြီးသကာလ ကျောပေးနေလိုက်ဆိုတော့ ဒါဟာ ဖြစ်ကောင်း, မဖြစ်ကောင်း စဉ်းစားစမ်းပါ...။ (မဖြစ်ကောင်းပါဘုရား)။

အဲဒီ ဒေါမနဿကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊

ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရအနေနဲ့ ပဋိစ္စသမုပ္ပါဒ် ဆက်–မဆက်…(ဆက်ပါတယ်ဘုရား)၊ ဒါ… ဖြစ်ကောင်း, မဖြစ်ကောင်း…(မဖြစ်ကောင်းပါဘုရား)၊ မဖြစ်ကောင်းတဲ့ ဒေါမနဿဆိုတာ ကျေနပ်ပလား…။ (ကျေနပ်ပါတယ် ဘုရား)။

ကောင်းပြီ…ဖြစ်ကောင်းတဲ့ ဒေါမနဿကို ဘုန်းကြီး ရှင်းပါတော့မယ်၊ ရှင်းပေးမယ်၊ မဖြစ်ကောင်းတာကတော့ လူတိုင်း သိပြီးသား ဆိုကြပါစို့နော်…။ (မှန်ပါ)။

ဖြစ်ကောင်းတဲ့ ဒေါမနဿကတော့ ဒကာ ဒကာမတွေက အင်း…ဟင်…ငါတို့သည် အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပန်တည်ဖို့အလုပ်ကို ငါတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပျက်တွေ ရှုပြီးသကာလနေတယ်၊ မြင်ကို မမြင်နိုင်သေးဘူး၊ ဘုရားကလဲ ဟောထားတာ ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ်၊ ဖြစ်ပျက်မုန်းဖို့ အရေးကြီးတယ်၊ ထိုဖြစ်ပျက်လွန်ဖို့ အရေးကြီးတယ်လို့ ဟောထားပါတယ်၊ ငါ့မှာတော့ မမြင်ဘူး၊ ခက်လေခြင်းဆိုတော့ ဒါလဲ ဘာခေါ်ကြမလဲ…။ (ဒေါမနဿပါ)၊ ဒေါမနဿပဲ…။ (မှန်ပါ)၊ ဒီ ဒေါမနဿမျိုးကျတော့ ဖြစ်ကောင်းတယ်…။ (မှန်ပါ)၊ ဒကာ ဒကာမတို့ ဘယ့်နှယ် ဆိုကြမယ်…။ (ဖြစ်ကောင်းပါတယ်ဘုရား)။

အဲ...ဩော်...အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ်ကြီး လုပ်နေတော့ အပါယ်လေးပါး တံခါးပိတ်ကြောင်းကိုပဲ ငါတို့သည်ကားလို့ဆိုရင် မမြင်သေးဘူး၊ အနိစ္စမမြင်သေးဘူး၊ ဖြစ်ပျက်မမြင်သေးဘူး၊ ခက်လိုက်တာဆိုတဲ့ တစ်ခါတလေ မလာကြဘူးလား...။ (လာပါတယ်ဘုရား)၊ အဲဒီ...ဒေါမနဿမျိုးကျတော့ ဘယ့်နှယ်ဆိုကြမယ်...။ (ဖြစ်ကောင်းပါတယ်ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့်...ဒေါမနဿ ဘယ်နှစ်မျိုးထားကြမယ်...။ (နှစ်မျိုးပါဘုရား)၊ ဖြစ်ကောင်းတဲ့...(ဒေါမနဿတစ်မျိုးပါဘုရား)၊ မဖြစ်ကောင်းတဲ့...(ဒေါမနဿတစ်မျိုးပါဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)၊ အဲဒါသည်ကားလို့ဆိုရင်ဖြင့်တဲ့၊ အဋ္ဌကထာဆရာက ဝတ္ထုထုတ်ပြီးသကာလ ပြတာကလေးကို နည်းနည်းမှတ်လိုက်ကြတာပေါ့နော်...။ (မှန်ပါ့ဘုရား)။

**မဟာသီဝ ကိုယ်တော်ကြီး**

ဘုရားလက်ထက်က ဟို...မဟာသီဝကိုယ်တော်ကြီးဆိုတာ ရှိတယ်နော်၊ မဟာသီဝကိုယ်တော်ကြီးဆိုတာက ဒကာ ဒကာမတို့ အင်မတန် စာပေကျမ်းဂန် တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ကြီးလို့ မှတ်ထားလိုက်စမ်းပါ...။ (မှန်ပါ့)၊ ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထုကို ထုတ်ပြတယ်...။ (မှန်ပါ့ဘုရား)။

ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထုကို ဒကာ ဒကာမတွေ တိုတိုကလေး မှတ်ကြရအောင်နော်...။ (မှန်ပါ့ဘုရား)။

မဟာသီဝကိုယ်တော်ကြီးသည်ကားလို့ဆိုရင် ကျောင်းပေါင်း ငါးရာလောက် စာချနေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ၊ အင်မတန်စာပေကျမ်းဂန် တတ်ကျွမ်းတယ်...။ (မှန်ပါဘုရား)။

သူ့တပည့်တွေက တောတွင်းမှာ ရဟန္တာ ဖြစ်ပြီး သကာလနေကြလို့ တရားကျင့်ကြံကြိုးကုတ်အားထုတ်တာနဲ့၊ တပည့်တွေက အဘိညာဉ်ပါရတာနဲ့ ငါတို့ဆရာကြီးဟာ ရဟန်းကိစ္စ ပြီးလေပလား၊ ရဟန္တာ ဖြစ်လေပလားလို့ သူတို့က အဘိညာဉ်နဲ့ ကြည့်လိုက်တယ်နော်...။ (မှန်ပါဘုရား)။

ထိုကဲ့သို့ အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ ဘာမှ မဟုတ်သေးပါကလားလို့ဆိုတာ မြင်သွားကြတယ်...။ (မှန်ပါ)၊ ဒါနဲ့ တောထဲကနေပြီး ရဟန္တာမထေရ်က ကောင်းကင်းကနေပြီး ကြွလာတယ် ဦးခင်မောင်ရေ...(မှန်လှပါ)၊ ကြွလာပြီးတော့ သူ့ရှေ့မှာပဲ ဝတ်ချ၊ ဝတ်ချပြီး သကာလ ငါ့ရှင် ဘာလုပ်လာသတုံးလို့မေးတော့ အနုမောဒနာ တရားလေးတစ်ပုဒ် လိုချင်လို့ပါဘုရား...လို့ လျှောက်လိုက်တယ်၊ ဟ...ငါ့တပည့်ရ၊ ငါ့မှာ အချိန်အား မရှိဘူးလို့ အမိန့်ရှိတယ်။

ဒါဖြင့် ဘုရား ဆွမ်းခံသွားမည့်အချိန် ဆွမ်းခံမထွက်ခင်ကလေး သပိတ်ကလေးဘာကလေးပိုက်ပြီး ခဏရပ်တဲ့

အချိန်ကလေးမှာ မေးပါရစေ၊ ဒီလိုလောက်တော့ ဒီအချိန်မှာလဲ မရဘူး၊ မအားဘူးလို့ ပြောလိုက်တယ်။

ဒါဖြင့် အိပ်ရာထ,ထ,ချင်းကော မရဘူးလားဘုရား... လို့ လျှောက်ပြန်တော့ မရဘူးကွ၊ ဒီအချိန်မှာပဲ သုတ္တန်ဆောင် ပုဂ္ဂိုလ်၊ အဘိဓမ္မာဆောင်ပုဂ္ဂိုလ်တွေက သူ့အချိန်နဲ့ သူပေးထားလို့ အချိန်တွေစေ့နေတယ်၊ ဘယ်အချိန်မှ မေးချိန်ကို မရနိုင်ဘူးလို့ ပြန်ပြောတယ်၊ ဒကာသစ်ရေ အချိန်တွေ ကုန်နေတယ်...။ (မှန်လှပါဘုရား)၊ သူ့မှာ ဖြေနေရတဲ့ အချိန်နဲ့ မအားတာပေါ့ဗျာ...။ (မှန်ပါ)။

ဒါနဲ့...တပည့်ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်က အရှင်ဘုရား... ဒီလိုဖြင့် သေချိန်များမှ ရှိသေးရဲ့လားလို့ ငေါ့လုံးသုံးလုံးနဲ့ ပြောလိုက်တယ်၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)၊ သေချိန်မှ ရှိသေးရဲ့လားလို့ ငေါ့လုံး သုံးလုံးနဲ့ ပြောလိုက်တယ်၊ ပြောပြီးသကာလ သံဝေဂရစေတော့လို့ ဆိုပြီးသကာလ ဒကာသစ်ရေ...ကောင်းကင်ပဲ သူ့ရှေ့ ပျံတက်သွားတယ်...။ (မှန်လှပါဘုရား)။

## ကောင်းကင်ပျံတက်သွားတယ်

ကောင်းကင်ပျံတက်သွားတယ်...တဲ့၊ အဘိညာဉ်ရနေတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်နေတော့ ကောင်းကင်ပျံနိုင်တယ်လို့ ဒကာသစ်တို့ မှတ်လိုက်စမ်းပါ...။ (မှန်လှပါဘုရား)။

အဲဒီလို ပုံ့ပြီးသကာလ ဩော်...ဒီပုဂ္ဂိုလ် တယ်ထူးတဲ့ ပုဂ္ဂိုလ်ပါကလား၊ ငါ့ဆီ အနုမောဒနာတရား တောင်းလာတာမှ ဟုတ်ပါရဲ့လား၊ သတိပေးမလို့ လာတာနဲ့တူတယ်၊ ငါကလဲကွာ၊ ဒီ...ရဟန္တာဖြစ်ဖို့အလုပ်ဟာ မခဲယဉ်းပါဘူး ဆိုပြီးသကာလ သူလဲ ပရိယတ်လုပ်ငန်းတွေကို စွန့်ပြီး သကာလ ဒကာ ဒကာမတို့ တောထဲသွားပြီး တရားအားထုတ်တဲ့ အချိန်ကျတော့ သူ့စိတ်ထဲက ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ပြန်လာမယ်ဆိုပြီး ၁၃-ရက်နေ့လောက်မှာ ဦးခင်မောင်...တောထွက်သွားတယ်...။ (မှန်လှပါ)၊ သုံးရက်လောက် အားထုတ်ရင် ရဟန္တာဖြစ်ပါတယ်၊ မခဲယဉ်းပါဘူးလို့ သူ့စိတ်ထဲမှာ အတော်ပဲ ဘဝင်မြင့်တယ်ဆိုတာ မှတ်ထားလိုက်တာပေါ့...။ (မှန်ပါ)၊ သုံးရက်အားထုတ်ရင် ရပါသတဲ့၊ သူ ရဟန္တာဖြစ်ဖို့ ရလိမ့်မယ်လို့ ကေန်ယူထားပါတယ်နော်...။ (မှန်ပါ)။

ဒါနဲ့ပဲ အားလုံး ဒကာ ဒကာမတို့ ဖြစ်ပျက်အနိစ္စတွေ အားထုတ်လိုက်တာ သုံးရက်ဇေသွားတယ် ဒကာ ဒကာမတို့၊ တောထဲမှာသာ ဝါဆိုဖို့ အချိန်ရောက်သွားတယ်၊ ဝါဆိုလပြည့်ကျော်ရောက်လို့ ဝါဆိုကြပါတယ်၊ သူတောထဲ တစ်ရက်နေ့ ပြန်လာပြီး ရဟန္တာအဖြစ်နဲ့ ဝါဆိုမယ်တဲ့၊ မှန်းခြေကြီးဟာ တရားမပေါက်လို့ ဝါဆိုနိုင်သေးရဲ့လား...။

(မဆိုနိုင်ပါဘုရား)၊ ဒကာ ဒကာမတို့ မလွယ်ကူဘူးနော်...။ (မှန်ပါ့)၊ မလွယ်ကူဘဲ ဖြစ်သွားတယ်။

ဒါနဲ့ပဲ၊ ကဲ...ကွာ သီတင်းကျွတ်ထိအောင် အားထုတ်ရင်တော့ ဘယ်မှာ မရဘဲနေရလိမ့်မလဲဆိုပြီး သီတင်းကျွတ်ကျရင် ပဝါရဏာပွဲကျမှ ရဟန္တာအဖြစ်နဲ့ ဝင်တော့မယ်ကွဆိုပြီး သကာလ ကြိုးစားလိုက်တာလဲ ဒကာသစ်တို့၊ ဦးခင်မောင်တို့ သီတင်းကျွတ်လဲ မရဘူး...။ (မှန်လှပါ)၊ ဒကာဒကာမတို့ မှန်းခြေ ကိုက်သေးရဲ့လား...။(မကိုက်ပါဘုရား)။

ကဲ...တိုတိုပြောကြပါစို့၊ အနှစ် ၃၀–ကြာသွားတယ်နော်၊ အနှစ် ၃၀–ကြာအောင်ပဲ မရဘဲ ဖြစ်တယ်၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဘယ်လောက်ကြာသွားသတုံး...။ (အနှစ် ၃၀–ကြာသွားပါတယ်)၊ အနှစ် ၃၀–မရဘဲဖြစ်ပြီးသကာလသွားတော့ သူ့စိတ်ထဲမှာ ဩော်...ငါကတော့ဖြင့် မဂ်ဖိုလ်ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်မယ်မထင်ပါဘူး၊ ဥဂ္ဃဋိတညု ဝိပဉ္စိတညု နေယျပုဂ္ဂိုလ် မဟုတ်ဘဲ အလွန်ညံ့ဖျင်းတဲ့ ပဒပရမ ပုဂ္ဂိုလ်တော့ဖြင့် ငါဖြစ်ပြီဆိုပြီး ဒေါမနဿဖြစ်ပါတယ်...။ (မှန်ပါ့)။

**တရားမရလို့ပါ**

ဘယ့်နှယ်ကြောင့် ဒေါမနဿဖြစ်တာတုံး အကဲခတ်ကြစမ်း...။ (တရားမရလို့ပါ)၊ တရားမရလို့ဖြစ်တာ၊ ရှင်းကြ

ပလား...။ (ရှင်းပါပြီ)၊ ဘယ့်နှယ်ကြောင့် ဒေါမနဿဖြစ်ပါလိမ့်...။ (တရားမရလို့ပါဘုရား)။

အဲ...တရားမရလို့ဖြစ်တဲ့ ဒေါမနဿမျိုး ဖြစ်ကောင်းတယ်လို့ မှတ်ပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ မတရားမရလို့ဖြစ်တဲ့ ဒေါမနဿမျိုးကျတော့...(ဖြစ်ကောင်းပါတယ် ဘုရား)၊ ဖြစ်ကောင်းပါတယ်ဆိုတာ သေချာကြပလား...။ (သေချာပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ တရားမရလို့ဖြစ်တဲ့ ဒေါမနဿကို ဖြစ်ကောင်းတယ်လို့ပဲ ဆုံးဖြတ်ချက်ချပါဆိုတာ ဒီဝတ္ထုမှာ ထုတ်ပြတယ်...။ (မှန်ပါ့)၊ ကျေနပ်ကြပလား...။ (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဒေါမနဿမျိုးများ လာဖူးသလားမေးရင် ဒကာ ဒကာမတွေ ဘယ့်နှယ်ဆိုကြပါမယ်...။ (မလာဖူးပါဘုရား)၊ လာဖူးရဲ့လား...။ (မလာဖူးပါဘုရား)၊ လာဖူးလို့ရှိရင် ဒီ ဒေါမနဿဟာ အပါယ်ချလိမ့်မယ်လို့မယူပါနဲ့...။ (မှန်ပါ့ဘုရား)၊ ဒီ ဒေါမနဿသည် အပါယ်ချမလား...နိဗ္ဗာန်ကျေးဇူးပြုမလို့လား...။ (နိဗ္ဗာန်ကျေးဇူးပြုမလို့ပါဘုရား)။

**မဟာသီဝရဟာန်းကြီး ငိုပြီ**

ကောင်းပြီ၊ ဒါနဲ့ အနှစ် ၃၀–ရှိတော့ တရားအားထုတ်လိုက်တာ ဦးခင်မောင်တို့၊ ဒကာသစ်တို့ မရဘဲဖြစ်နေတယ်နော်...။ (မှန်ပါ့)၊ မှန်းခြေက သုံးရက်၊ အနှစ် ၃၀–ကျော်တောင် ပြည့်သွားတော့ ဦးခင်မောင် သူ့စိတ်မှာ စိတ်မပျက်ပေဘူးလား...။ (ပျက်ပါတယ်ဘုရား)၊ စိတ်ပျက်တာနဲ့ ထ,ပြီး ငိုတော့တာပဲ၊ ငါဖြင့် အတော့်ဖျင်းတဲ့ ပုဂ္ဂိုလ်ပဲ၊ မှန်းခြေတွေ အကုန်လွဲကုန်ပြီဆိုပြီးသကာလ ငိုရှာတယ်...။ (မှန်ပါ့)၊ မဟာသီဝ ရဟာန်းကြီး ငိုပြီဆိုတာ ဒကာ ဒကာမတို့ သဘောကျပလား...။ (ကျပါပြီ)၊ ငိုတာဟာ သောမနဿလား၊ ဒေါမနဿလား...။ (ဒေါမနဿပါဘုရား)။

အဲ...ဒေါမနဿ သေသေချာချာသိသဖြင့် ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်ကြီး ငိုပါလိမ့်မလဲဆိုတာကော အကဲမခတ်မိဘူးလား...။ (ခတ်မိပါတယ်)၊ ဘာဖြစ်လို့ပါလိမ့်...။ (တရားမရလို့ပါဘုရား)၊ တရားမရလို့ ဖြစ်ကောင်း, မဖြစ်ကောင်း...(ဖြစ်ကောင်းပါတယ်ဘုရား)။

အေး...ဒါကြောင့် ဖြစ်ကောင်းတယ်ဆိုတာကိုလဲ ဒီ ဒေါမနဿမျိုးကျတော့ မှီဝဲကောင်းတဲ့ ဒေါမနဿဆိုတာ သေချာကြပလား...။ (မှန်ပါ့)။

ကောင်းပြီ...ဒါနဲ့ပဲ သူ အားထုတ်ရာဌာန သစ်ပင် စောင့် ... ်သမီးကလဲ ဩော်...ဒီကိုယ်တော်ကြီးနှယ်

ဖျင်းပဲဖျင်းလွန်းလှတယ်၊ တရားမရတာနဲ့ဘဲ ငိုရတယ်၊ ယောက်ျားလုပ်နေပြီးသကာလ ဘယ့်နှယ်ပါလိမ့်မတုံး၊ အစ ရှိသဖြင့် အောက်မေ့ပြီးသကာလ သူကလဲ လူယောင်ဖန်ဆင်း ပြီး ဒကာသစ်ရေ...ဒီကိုယ်တော်ကြီး ငိုနေတဲ့နေရာနဲ့ မနီး မဝေးမှာ သူကလဲ ထိုင်ပြီး ငိုပြန်တယ်၊ ဒီ နတ်သမီးကလဲ နော်...။ (မှန်ပါ့)။

နတ်သမီးက ထိုင်ငိုတယ်ဆိုတာကော သဘောကျ ပလား...။ (ကျပါပြီ)၊ အဲဒီတွင်မှ အို...ငါ့မှာလဲ ငို၊ ဒီကိုယ် ( ကြီးကလဲ ငိုတာနဲ့ ပထမငိုစ,တော့ မကြားကြသေးဘူး ပေါ့လေ၊ နောက်တော့ ဒီကိုယ်တော်ကြီးက ငိုရင်းမတ္တနဲ့ ဟို ဒကာမ ငိုတာကို ကြားတယ်။

ဒကာမ ငိုတာကြားတော့...ဟ...ဒကာမ ဘယ့်နှယ် ကြောင့် ဒီနားမှာ လာငိုနေရတာတုံး...လို့ သူက ဦးစွာပဲ မေးလိုက်တယ်၊ မဟာသိဝကိုယ်တော်ကြီးက မေးလိုက် တယ်...။ (မှန်ပါ့)၊ တပည့်တော်လဲဘုရား တရ ား ရမလားလို့ ငိုနေတာပါပဲလို့ လျှောက်လိုက်တယ်၊ ရိပ်မိ ပလား...။ (ရိပ်မိပါပြီ)၊ ဘယ်လိုများပြောပါလိုင် (တရား များ ရမလားလို့ ငိုနေပါသ )၊ တရာ ရမ ားလို့ငိုနေတယ် ဘုရား၊ တပည့်တော်လဲ ဒီစိတ်ကူးနဲ့ပဲ ငိုတာပဲလို့ပြောလိုက် တော့ ရဟန်းကြီး ခံနိုင်ရည်ရှိပါ့မလား...။ (မရှိပါဘုရား)။

## လေးဆင့် တက်သွားတယ်

အဲဒီ ခံနိုင်ရည်မရှိတဲ့ အခြေအနေရောက်မှ ဒကာသစ်တို့၊ ဦးခင်မောင်တို့ ရဟန်းကြီး ရှက်သွားတယ်၊ ဒကာမတောင် ငါ့ကို လှောင်သလို၊ ပြောင်သလို ဖြစ်နေပါပေါ့လား ဆိုပြီးသကာလ ပြန်ပြီး တရားအားထုတ်တယ်၊ ပြန်အားထုတ်တော့မှ ရဟန္တာဖြစ်အောင် တရားရသွားတယ်...။ (မှန်ပါ့)၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာဖြစ်အောင် လေးဆင့်တက်သွားတယ်လို့ ဒကာ ဒကာမတွေ မှတ်လိုက်တာပေါ့နော်...။ (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

အဲဒီလို တက်သွားတဲ့ အခါကျတော့ စိတ်ကလဲ ဦးခင်မောင် အတော်ပြင်းထန်တဲ့ပုဂ္ဂိုလ်ဖြစ်နေသောကြောင့် အနှစ် ၃၀–စလုံးမှာ ကိုင်း...ငါ တရားမရရင် ခြေမဆေးတော့ဘူးဆိုတဲ့ဥစ္စာ ခြေထောက်မှာ ဂျတ်တက်နေတယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

ခြေကို မဆေးတော့ဘူး ဒကာ ဒကာမတို့၊ တရားချည်း အားထုတ်နေတာပဲ၊ ဘာအလုပ်မှ မလုပ်ဘူး၊ ခြေဆေးတာ တောင် မလုပ်ဘူးဆိုတော့ ဒကာ ဒကာမတို့ ကမ်းကုန်ပြီ ဆိုတာကော သဘောကျပလား...။ (ကျ ပါပြီဘုရား)။

## ရဟန္တာဖြစ်နေပြီ

ဒါနဲ့ပဲတဲ့၊ ခုနက ရဟန္တာပုဂ္ဂိုလ်က ငါ၏ဆရာ ကိုယ်တော်ကြီး ဘယ်လိုများနေပါလိမ့်မလဲဆိုပြီး စဉ်းစားလိုက်ပါတယ်…။ (မှန်ပါ)၊ စဉ်းစားလိုက်တော့ ရဟန္တာဖြစ်နေပြီ၊ ငါ ခြေသွားဆေးပေးမှပဲဆိုပြီး ခုနက အနုမောဒနာတရားတောင်းတဲ့ ရဟန္တာမထေရ်ကလဲ ကြွလာပါတယ်၊ ဒီပြင်တပည့်တွေလဲ ကြွလာကြတယ်၊ သိကြားကလဲ ကောင်းကင်ကနေ မနေနိုင်လို့ သုဇာတာ ခေါ်လာပြီးသကာလ ကိုယ်တိုင်ခြေဆေးပေးကြရတယ် ဒကာ ဒကာမတို့၊ ရဟန္တာဖြစ်မှ ခြေဆေးခံတယ်ဆိုတာကော သဘောကျပလား…။ (ကျပါတယ် ဘုရား)။

အဲဒီ ဒေါမနဿမျိုး ဘယ့်နှယ်ဆိုကြမယ်…။ (ဖြစ်ကောင်းတဲ့ ဒေါမနဿပါဘုရား)၊ ဒါဖြင့် ဒေါမနဿကို ဘယ်နှစ်မျိုးထားကြမယ်…။ (နှစ်မျိုးပါဘုရား)၊ ဖြစ်ကောင်းတဲ့…(ဒေါမနဿတစ်မျိုး)၊ မဖြစ်ကောင်းတဲ့…။ (ဒေါမနဿတစ်မျိုးပါဘုရား)၊ ဒေါမနဿ ဘယ်နှစ်မျိုးပါလိမ့်…။ (နှစ်မျိုးပါဘုရား)။

ဘုန်းကြီး ဝေဒနာနုပဿနာကို ဟောပါတော့မယ်နော်၊ ဟောတဲ့အခါကျလို့ရှိရင် အဲ…အိမ်ပြန်တော့ ဒကာဒကာမတွေ မမြင်, မြင်အောင်ကြည့်၊ မမြင်ရင် ဘယ့်နှယ်

ကြောင့် မမြင်ရှိရမတုံးဆိုတဲ့ဥစ္စာ မြင်အောင်ကြည့်ပြီး ဒကာ ဒကာမတွေ ကြိုးစားရလိမ့်မယ်ဆိုတာကော တိုက်တွန်းချက် ပါပြီ မဟုတ်လား...။ (ပါ,ပါပြီဘုရား)။

ကဲ...ဥပေက္ခာလဲ ထို့နည်းအတူပဲ၊ ဒကာ ဒကာမတို့ တစ်ခုသောအာရုံ မြင်တယ်ဆိုတော့ မြင်တာသည်ကားလို့ ဆိုရင်ဥပေက္ခာပဲ၊ 'ဥပေက္ခာသဟဂတံစက္ခုဝိညာဏံ' မြင်တာပဲ။

အဲဒီ...ဥပေက္ခာကလေး မသိလိုက်တဲ့အခါကျလို့ရှိ ရင်ဖြင့် မြင်ခြင်းကြောင့် လိုချင်တယ်, ရချင်တယ်ဆိုတာတွေ နောက်က လိုက်မလာပေဘူးလား...။ (လိုက်လာပါတယ် ဘုရား)၊ အဲဒီတော့ ဒီဥပေက္ခာမျိုးသည် ဖြစ်ကောင်း, မဖြစ် ကောင်း...(မဖြစ်ကောင်းပါဘုရား)၊ ဘာ့ကြောင့် ဒါ မဖြစ် ကောင်းသလဲမေးတော့ ပဋိစ္စသမုပ္ပါဒ်ဆက်လို့-လို့ မှတ်လိုက် တာပေါ့၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါ ဘာပဲတွေ့တွေ့ ဥပရိပဏ္ဏာသမှာလာ သလို ဒကာ ဒကာမတွေ ဖြစ်ပျက်ချည်းမြင်နေရတော့၊ ရှုလိုက်တိုင်း ဖြစ်မှု, ပျက်မှုချည်းမြင်နေတော့ ရုပ်ကြည့် လိုက်လဲ ဖြစ်ပျက်၊ ဝေဒနာကြည့်လိုက်လဲ ဖြစ်ပျက်၊ စိတ်ကြည့်လိုက်လဲ ဖြစ်ပျက်၊ ဒုက္ခသစ္စာကြည့်လိုက်ပြန်လဲ အဖြစ်အပျက်တွေပဲ တွေ့နေတော့ တစ်တန်းတည်းဖြစ်မနေ ဘူးလား...။ (ဖြစ်နေပါတယ်ဘုရား)။

တစ်တန်းတည်းဖြစ်နေတဲ့အခါကျတော့ ဝိပဿနာ ဉာဏ်သည် ဥပေက္ခာမဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ ဝိပဿနာဥပေက္ခာမဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ အဲဒီဝိပဿနာဥပေက္ခာမျိုးကျတော့ ဖြစ်ကောင်းတဲ့ ဥပေက္ခာ၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ မြင်ပြီး လိုချင်,ရချင်တဲ့ ဥပေက္ခာ မျိုးကတော့...(မဖြစ်ကောင်းပါဘုရား)။

ဒါဖြင့် ဖြစ်ကောင်းတဲ့ ဥပေက္ခာ, မဖြစ်ကောင်းတဲ့ ဥပေက္ခာဆိုတာ ယနေ့ကွဲပလား...။ (မှန်ပါ့)၊ ကွဲသွားတဲ့ အခါကျလို့ရှိရင် ဩော်...ဒါ ဘုရားသခင်ကိုယ်တော်မြတ် ကြီး ဟောတော်မူလို့ သောမနဿမှာလဲ ဖြစ်ကောင်း, မဖြစ် ကောင်း နှစ်မျိုး၊ ဒေါမနဿ လာရင်ကော...(ဖြစ်ကောင်း မဖြစ်ကောင်း နှစ်မျိုးပါဘုရား)၊ဥပေက္ခာကော...(ဖြစ်ကောင်း, မဖြစ်ကောင်းနှစ်မျိုးပါဘုရား)၊ နှစ်မျိုးဆိုတာ သေချာကြ ပလား...။ (သေချာပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒါက ဗဟုသုတ အကျိုးငှာလည်းကောင်း၊ ဝိပဿနာအကျိုးငှာလည်းကောင်း ပြောလိုက်ပါတယ်၊ကဲ...ဘုန်းကြီးတို့ပြရိုးပြစဉ်ပဲ ဝိပဿနာ အစစ်ကို ပြကြစို့ရဲ့၊ အလုပ်,လုပ်ဖို့ အစစ်ကို ပြကြစို့၊ ဒကာ ဒကာမတွေ ဒါကို ဂရုတစိုက် နားထောင်ပါ...။ (မှန်ပါ့)၊ အခု ဘာပြမယ်ဆိုတာ သေချာပလား...။ (မှန်ပါ့)၊

သေချာပါတယ်ဘုရား)၊ အခု ဝိပဿနာအစစ်ကို ပြတော့မယ်နော်...။ (မှန်ပါ့)။

ခုနက ဖြစ်ကောင်း, မဖြစ်ကောင်းဆိုတာကတစ်မျိုး၊ အခုဟာက ဘယ်ကလာလာ ရှုရမယ်ဆိုတဲ့ဥစ္စာ ပြတော့မယ်...။ (မှန်ပါ့)၊ ဘာပြမယ်ထင်ကြသတုံး...။ (ဝိပဿနာအစစ်ကို ပြပါမယ်)၊ ဘယ်ဟာလာလာ ဝိပဿနာရှုရမယ်ဆိုတဲ့ အဓိပ္ပါယ် ပြမယ်နော်...။ (မှန်ပါ့)။

ကဲ...ဒါတွေခြောက်ခု ပေါင်းလိုက်လို့ရှိရင် ဒကာဒကာမတို့ သုံးခုပဲ မဖြစ်ဘူးလား...။ (မှန်ပါ့)၊ ကဲ...သုံးခုပဲ ဖြစ်ကြပါစို့၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဒကာ ဒကာမတို့ ဘယ်နှစ်မျိုးရှိသတုံး...။ (သုံးမျိုးပါဘုရား)၊ ဒီဘက်က ဘာပါလိမ့်...။ (သုခဝေဒနာပါ)၊ ဒီဘက်က...(ဒုက္ခဝေဒနာ)၊ ဒီဘက်က...(ဥပေက္ခာဝေဒနာပါ)၊ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဘယ်နှစ်မျိုးရှိပါလိမ့်...။ (သုံးမျိုးပါဘုရား)။

**သုခဝေဒနာ**

တစ်ခါတလေကျလာတော့ ဒကာ ဒကာမတွေကိုယ်လဲ ချမ်းသာ၊ စိတ်လဲ ချမ်းသာတာများကော မရှိဘူးလား...။ (ရှိပါတယ်ဘုရား)၊ အင်း...ဟင်...ဒါကျတော့သုခဝေဒနာပေါ့ဗျာ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)၊

ကိုယ်လဲချမ်းသာ၊ စိတ်လဲချမ်းသာနေတော့ တစ်ကိုယ်လုံးမှာ ဘာဝေဒနာတွေ ဆိုကြပါမလဲ…။ (သုခဝေဒနာတွေပါဘုရား)၊ ဒါပေမယ့်လို့ ဝေဒနာက္ခန္ဓာ ဟုတ်ပါရဲ့လား…။ (ဟုတ်ပါတယ်ဘုရား)။

**ဒုက္ခဝေဒနာ**

တစ်ခါတလေကျတော့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကော မရှိဘူးလား…။ (ရှိပါတယ်ဘုရား)၊ ဒါကျတော့ ဘာဝေဒနာလို့ ဆိုမလဲ…။ (ဒုက္ခဝေဒနာပါဘုရား)၊ ဒီအချိန် လက်ညှိုးထိုးတော့လဲ ဒီအချိန်မှာ ဘေးကလူ လက်ညှိုးထိုးရင် ဘာလက်ညှိုးထိုးမိမယ် ထင်သကြသတုံး…။ (ဒုက္ခဝေဒနာကိုပါဘုရား)၊ ဝေဒနာချင်း ထိုးမိမှာပဲ၊ ရိပ်မိကြပလား…။ (မှန်လှပါဘုရား)။

သုခဝေဒနာရှိတဲ့အချိန် ထိုးမိလို့ရှိရင်လဲ သုခဝေဒနာချင်း ထိုးမိမှာ…။ (မှန်ပါ)၊ ဒုက္ခများများဖြစ်နေတဲ့အချိန် ထိုးကြည့်လို့ရှိရင် ဘာကို ထိုးမိမယ်ထင်ကြသတုံး…။ (ဒုက္ခဝေဒနာချင်း ထိုးမိမှာပါဘုရား)။

**ဥပေက္ခာဝေဒနာ**

တစ်ခါတလေကျတော့ ဒကာ ဒကာမတွေ အားလုံးပဲ ဥပေက္ခာဝေဒနာကလေးများဖြစ်ရင် အလုံးစုံသော ပုဂ္ဂိုလ်တွေကမ္မသကာပဲဆိုပြီးသကာလများ ဉာဏ်လှည့်နေတဲ့အခါ မရှိ

ဘူးလား…။ (ရှိပါတယ်ဘုရား)၊ အဲဒီအခါမျိုးကျတော့ ဥပေက္ခာ ဝေဒနာတွေ မဖြစ်ပေဘူးလား…။ (ဖြစ်ပါတယ် ဘုရား)။

မျက်လုံးထဲမြင်တာ ဥပေက္ခာ၊ နားထဲကြားတာကော… (ဥပေက္ခာပါဘုရား)၊ နှာခေါင်းထဲနံ့တဲ့ စိတ်ကလေးတွေကော…(ဥပေက္ခာပါဘုရား)၊ အဲ…'ဥပေက္ခာ သဟဂတံ ဃာနဝိညာဏံ' အစရှိသည်ပေါ့ဗျာ…နော်…။ (မှန်ပါ)၊ အဲ… လျှာပေါ်, ပေါ်တာကော…(ဥပေက္ခာပါဘုရား)၊ ဝမ်းထဲမှာ ကမ္မသကာထားတာတွေ ဟူသရွေ့…(ဥပေက္ခာပါဘုရား)၊ ဥပေက္ခာတွေပဲ ဆိုတာ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

အဲဒီ မြင်နေတဲ့အခါမှာလဲ ဩော်…ဘာခန္ဓာလို့ ဆိုကြမလဲ…။ (ဥပေက္ခာခန္ဓာပါဘုရား)၊ ဥပေက္ခာဝေဒနာက္ခန္ဓာ… (မှန်ပါ)၊ ကြားနေတဲ့အခါ…(ဥပေက္ခာဝေဒနာက္ခန္ဓာပါ)၊ နံ့နေတဲ့အခါကော…(ဥပေက္ခာဝေဒနာက္ခန္ဓာပါ)၊စားတဲ့အခါ… (ဥပေက္ခာဝေဒနာက္ခန္ဓာပါ)၊ ဝမ်းထဲမှာ ကမ္မသကာထားတဲ့ အခါ…(ဥပေက္ခာဝေဒနာက္ခန္ဓာပါဘုရား)။

ဥပေက္ခာဝေဒနာက္ခန္ဓာပဲ မှတ်ထားတော့၊ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာဝေဒနာ ဘယ်နှစ်မျိုးရှိသတုံး…။ (သုံးမျိုးပါဘုရား)။

အားလုံး မနာရသေးတဲ့ ပုဂ္ဂိုလ်များလဲ သေသေချာချာ

မှတ်ပါ၊ အလုပ်,လုပ်ရမည့်တရား ဖြစ်နေသောကြောင့် သေသေချာချာ မှတ်မှသာလျှင် ကိုယ့်အိမ်မှာ အလုပ်,လုပ်လို့ ဖြစ်မယ်ဆိုတာ ကျေကျေနပ်နပ် မှတ်ကြစမ်းပါ၊ သဘောကျကြစမ်းပါနော်...။ (မှန်ပါ့ဘုရား)။

သုခဝေဒနာလဲ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ သူ့အခိုက်အတန့် သူ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ ဒုက္ခဝေဒနာကော...(ပေါ်ပါတယ်ဘုရား)၊ သူ့အခိုက်အတန့်နဲ့သူ ပေါ်တာနော်...။ (မှန်ပါ့)၊ ဥပေက္ခာဝေဒနာကော...(ပေါ်ပါတယ်ဘုရား)၊ သူ့ အခိုက်အတန့်နဲ့သူ ပေါ်တယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီ)။

**ဝေဒနာကင်းတဲ့အချိန် မရှိ**

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့သန္တာန်မှာ ဝေဒနာကင်းတဲ့အချိန် ပြောစမ်းပါဆိုရင် ဘယ့်နှယ်ဆိုကြမယ်...။ (မရှိပါဘုရား)၊ ဝေဒနာကင်းတဲ့အချိန် ဘယ်အချိန်မှ မရှိဘူးလား...။ (မရှိပါဘုရား)၊ တစ်ခါတလေ သုခနဲ့နေတယ်၊ တစ်ခါတလေကျတော့ကော...(ဒုက္ခနဲ့နေပါတယ်ဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဝေဒနာကင်းသော ပုဂ္ဂိုလ် ဒီအထဲမှာ ပါ,ပါရဲ့လား...။ (မပါ,ပါဘုရား)၊ ဩော်...ဝေဒနာကင်းတဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မပါဘူး၊ သူ့

ဝေဒနာနဲ့သူ၊ သူ့ဝေဒနာနဲ့၊ သူ့အခိုက်အတန့်နဲ့၊ သူ့အခိုက်အတန့်နဲ့ နေကြတာချည်းပဲဆိုတာ ရှင်းကြပလား…။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးကို ဘာခန္ဓာလို့ ဆိုကြပါ့မယ်…။ (ဝေဒနာက္ခန္ဓာပါဘုရား)၊ ဝေဒနာက္ခန္ဓာလို့ ဆိုကြပါစို့နော်…။ (မှန်ပါ့)၊ ဝေဒနာက္ခန္ဓာလို့ဆိုကြပါစို့၊ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီး ဘာဆိုကြမယ်…။ (ဝေဒနာက္ခန္ဓာပါဘုရား)၊ ဝေဒနာက္ခန္ဓာလို့ ဆိုရမယ်ဆိုတာကော သေချာပလား…။ (သေချာပါတယ်ဘုရား)။

တစ်ခါတလေ ဘာဝေဒနာနဲ့ နေသလဲ…(သုခဝေဒနာနဲ့ နေပါတယ်)၊ အဲဒီအချိန်လဲ ဝေဒနာက္ခန္ဓာပဲ…။ (မှန်ပါ့)၊ တစ်ခါတလေ ဘာနဲ့နေပါလိမ့်…။ (ဒုက္ခဝေဒနာနဲ့နေပါတယ် ဘုရား)၊ ဒီအချိန်လဲ ဘာခန္ဓာ ဆိုကြမလဲ…။ (ဝေဒနာက္ခန္ဓာပါဘုရား)။

တစ်ခါတလေကျတော့ ဘာနဲ့နေပါလိမ့်…။ (ဥပေက္ခာဝေဒနာနဲ့နေပါတယ်)၊ အဲဒီအချိန်လဲ ဘာခန္ဓာဆိုကြမလဲ…။ (ဝေဒနာက္ခန္ဓာပါဘုရား)။

ဩော်…ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ လက်ညှိုးထိုးကြည့်လို့ရှိရင်ဖြင့် အရှေ့ထိုးလဲ ကောင်းကင်ထိုးမှာပဲ၊ အနောက်ထိုးကော…(ကောင်းကင်ပါပဲဘုရား)၊ အပေါ်ထိုးကော…(ကောင်းကင်ပါပဲ)၊ ဘယ်လိုလှည့်ပြီး ထိုးချင်ရာ

ထိုး၊ ကောင်းကင်ချည်းသာ ထိုးမိမှာပဲ…။ (မှန်ပါ့)၊ မတ်တတ်ရပ်ပြီး ထိုးပါ…တဲ့၊ မတ်တတ်ရပ်ပြီး အောက်လက်ညှိုး ထိုးပြန်လဲ မြေကြီးထိုးမိတယ် ဆိုမလား၊ မြေကြီးနဲ့၊ လက်ညှိုးနဲ့ အဝေးကြီး ရှိသေးတယ်၊ ကြားထဲမှာ ကောင်းကင်ကလေး ရှိနေသေးတယ်…။ (မှန်ပါ့)၊ မရှိဘူးလား…။ (ရှိပါတယ်ဘုရား)၊ ကောင်းကင်ပဲ ထိုးမိရာ မရောက်ပေဘူးလား…။ (ရောက်ပါတယ်ဘုရား)၊ ဒီမှာလဲ ဘယ်အချိန်မဆို ခန္ဓာကိုယ်ထဲမှာ ကြည့်,ကြည့် ဝေဒနာကို တွေ့အောင် ကြည့်ရမယ်…။ (မှန်ပါ့)၊ သဘောပါပလား…။ (ပါ,ပါပြီ)၊ ဘယ်အချိန် ခန္ဓာကြည့်,ကြည့်…(ဝေဒနာတွေ့အောင်ကြည့်ရပါမယ်ဘုရား)၊ ဝေဒနာတွင်လား၊ ဝေဒနာကိုမိအောင် ကြည့်ရမယ်…။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ်အချိန် ကြည့်,ကြည့် ဘာပါလိမ့်…။ (ဝေဒနာကို မိအောင် ကြည့်ရပါမယ်)၊ ဝေဒနာမိအောင် ကြည့်ရမယ်ဆိုတာကော သဘောကျပလား…။ (ကျပါပြီ)၊ ခုနက လက်ညှိုးထိုးတော့ ဘယ်ထိုးထိုး ဘာကို ထိုးမိသလဲ…။ (ဒီကောင်းကင် ထိုးမိပါတယ် ဘုရား)။

**ဝေဒနာကမ္မဋ္ဌာန်း**

ဒီမှာလဲ ဒကာ ဒကာမတွေ ဉာဏ်နဲ့ ဘယ်အချိန် လက်ညှိုးထိုးထိုး ဝေဒနာချည်း တွေ့ရမယ်…။ (မှန်ပါ့

ဘုရား)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ ဉာဏ်နဲ့ ဘယ်အချိန် လက်ညှိုးထိုးထိုး ဘာတွေ့ရမယ်…။ (ဝေဒနာချည်းတွေ့ရ ပါမယ်)၊ ဝေဒနာချည်း တွေ့ရမယ်ဆိုတာ ကျေနပ်ပလား…။ (ကျေနပ်ပါပြီဘုရား)။

ဘာကြောင့် ဝေဒနာချည်း တွေ့ရမယ်လို့ ဆရာ ဘုန်းကြီး ဟောပါလိမ့်မတုံးဆိုတော့ ခန္ဓာကိုယ်ကြီးက ဘာ ခန္ဓာတဲ့…။ (ဝေဒနာက္ခန္ဓာပါဘုရား)၊ အဲ…ခန္ဓာကိုယ်ကြီးက ဝေဒနာက္ခန္ဓာဆိုတော့ ဒကာ ဒကာမတို့ ဘယ်အချိန်မှာ လက်ညှိုးထိုးထိုး ဘာထိုးမိမယ် ထင်ကြသလဲ…။ (ဝေဒနာက္ခန္ဓာထိုးမိပါမယ်)၊ ဝေဒနာပဲ ထိုးမိမယ်ဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

ကိုင်း…ဒါဖြင့် ဝေဒနာထိုးမိအောင် ထိုးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သေချာပါတယ်နော်…။ (မှန်ပါ)။

အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာသုံးမျိုး မရှိဘူးလား…။ (ရှိပါတယ်ဘုရား)၊ ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း ဒကာ ဒကာမတို့ သူ့ဝေဒနာကလေးပေါ်တာကို ရှင်းပြီး နည်းနည်း ပြမယ်၊ ဝေဒနာပေါ်တဲ့ နေရာတွေက ကိုယ်ပေါ်ကျလို့ရှိရင် ဒကာ ဒကာမတို့ မှတ်ထားလိုက်စမ်းပါ၊ ကိုယ်ပေါ်မှာ သုခဝေဒနာ ပေါ်တယ်၊ သဘောကျပလား…။ (ကျပါ

တယ်)၊ ဝမ်းထဲမှာ သောမနဿဝေဒနာ ပေါ်တယ်...။ (မှန်ပါ့)။

ကိုယ်ပေါ်မှာ...(သုခဝေဒနာပေါ်ပါတယ်)၊ ဝမ်းထဲကျတော့...(သောမနဿဝေဒနာပေါ်ပါတယ်)၊ ဝမ်းသာလို့ရှိရင် ဝမ်းထဲကို လှမ်းရှုရလိမ့်မယ်၊ ကိုယ်ပေါ်မှာလဲ လေတိုက်လို့ ဟိုနေရာကလေးက နေလို့ကောင်း၊ ဒီနေရာကလေးက...နေလို့ကောင်းဆိုရင် အဲဒီကောင်းတဲ့နေရာကို သုခဝေဒနာလို့...ရှုရမယ်။

**သောမနဿဝေဒနာ**

ဝမ်းသာရင်...(သောမနဿဝေဒနာပါ)၊ သောမနဿဝေဒနာကို ဘယ်မှာရှုရမယ်...။ (ဝမ်းထဲရှုရမှာပါဘုရား)၊ ကိုယ်ပေါ်မှာ ချမ်းသာကလေးတွေ့ရင် ချမ်းသာတဲ့ နေရာကလေးကို ဉာဏ်ဦးတည်ပြီး ရှုရတော့မယ်၊ သဘောကျပလား...။ (မှန်ပါ့)၊ ဝေဒနာဟာ ကိုယ်ပေါ်မှာ ပေါ်ရင် ကိုယ်ပေါ်မှာ ဉာဏ်လိုက်ပါ၊ ဝမ်းထဲမှာ ပေါ်ရင်...(ဝမ်းထဲလိုက်ရပါမယ်)။

ကိုင်း...တစ်ခါ ဒုက္ခဝေဒနာဆိုတဲ့ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ယားတယ်၊ စပ်တယ် အစရှိသည်ဖြင့်ဟာ...တစ်ကိုယ်လုံးမှာ ပေါ်နိုင်ပါတယ်...။ (မှန်ပါ့ဘုရား)၊ အဲဒီလိုဆိုလို့ရှိရင်လဲ ပေါ်တဲ့နေရာမှာ လိုက်

ပေါ့နော်...။ (မှန်ပါ့)၊ ပေါ်တဲ့နေရာ ဘာတွေ့မယ်ထင်သတုံး...။ (ဒုက္ခဝေဒနာတွေ့ပါမယ်ဘုရား)။

**ဒေါမနဿဝေဒနာ**

ကဲ...ဒုက္ခဖြစ်ခြင်းကြောင့် ဝမ်းထဲမှာ ဒေါမနဿကော မပေါ်တတ်ဘူးလား...။ (ပေါ်တတ်ပါတယ်ဘုရား)၊ အဲဒါလဲ ဒီအချိန်ကျလို့ရှိရင် ဒေါမနဿကို မမိ,မိအောင် ဖမ်းပါတဲ့၊ သူက ဝေဒနာဖြစ်သောကြောင့် ဉာဏ်က ဝမ်းထဲမှာ လိုက်ရမယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် လိုက်စရာ, နေစရာတွေ ဒီအတိုင်းပဲဆိုတာကော သဘောကျပလား...။ (ကျပါပြီ)၊ ဥပေက္ခာဝေဒနာ ၁တော့၊ တစ်ခါတလေကျတော့ မြင်တယ်ဆိုရင် မျက်လုံးထဲ ဥပေက္ခာဝေဒနာပေါ်တယ်၊ ကြားတယ်ဆိုရင်... (နားထဲမှာ ပေါ်ပါတယ်)၊ နံတယ်ဆိုရင်...(နှာခေါင်းထဲမှာ ပေါ်ပါတယ်)၊ နှာခေါင်းထဲမှာ ဥပေက္ခာဝေဒနာပေါ်တယ်။

**ဥပေက္ခာဝေဒနာ**

စားတယ်ဆိုရင်...(လျှာပေါ်မှာ)၊ လျှာပေါ်မှာ ဥပေက္ခာဝေဒနာပေါ်တယ်၊ ဝမ်းထဲမှာ ကမ္ဘာသကာ ထားတဲ့အခါ မရှိဘူးလား...။ (ရှိပါတယ်)၊ အဲဒီအခါ ဝမ်းထဲမှာ ဥပေက္ခာ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ အဲ...တစ်ခါတလေ

ကျတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာကို လိုက်ပါ၊ တစ်ခါ တလေကျတော့ ဝမ်းထဲလိုက်ပါ၊ ဥပေက္ခာလဲ သူပေါ်တဲ့ နေရာကို သိမှ၊ ခွဲခြားသိမှ အသုဘ လိုက်ရှုတယ်ဆိုတာလဲ မှတ်မိကြပလား...။ (မှန်ပါ့)၊ သူ သေတဲ့နေရာ မသိဘဲနဲ့ ကျုပ်တို့ဉာဏ်နဲ့ လိုက်ရှုနေလို့ တော်ပါ့မလား...။ (မတော် ပါဘုရား)။

ဒါဟာ အင်မတန်အရေးကြီးတဲ့ အချက်ဆိုတာကော ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဒါဖြင့် ပေါ်ရာကို လိုက်ရ ပါလိမ့်မယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီ)၊ ကောင်း ပြီ၊ ပေါ်ရာလိုက်တော့ သုခဝေဒနာ ဘယ်မှာပေါ်သတုံး...။ (ကိုယ်ပေါ်မှာ ပေါ်ပါတယ်)၊ သောမနဿဝေဒနာ...(ဝမ်း ထဲမှာ ပေါ်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာ...(ကိုယ်ပေါ်မှာ ပေါ်ပါတယ်)၊ ဒေါ မနဿဝေဒနာ...(ဝမ်းထဲမှာ ပေါ်ပါတယ်)၊ ဝမ်းထဲမှာပေါ် တယ်၊ သဘောကျရဲ့နော်...။ (မှန်ပါ့)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ...(ဥပေက္ခာဝေဒနာပါ)၊ ကမ္မသကာထားတဲ့ အခါ...(ဝမ်းထဲမှာ ပေါ်ပါတယ်)၊ ဝမ်းထဲမှာ ပေါ်တယ် ဆိုတော့ သူ့နေရာကလေးနဲ့ သူပေါ်တာကို သိပါ...။ (မှန်ပါ့)။

သိတဲ့အခါကျတော့မှ ဪ...ဝေဒနာသည်ကားလို့

ဆိုရင်ဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာလို့ဆိုကြသော်လဲ ပေါ်နိုင်တဲ့ နည်းနဲ့ ဝေဖန်လိုက်တဲ့အခါကျတော့ ခြောက်ခုဖြစ်သွားတယ်ဆိုတာလဲ သဘောကျပါ...။ (မှန်ပါ့)၊ သူပေါ်တဲ့ နေရာနဲ့ လိုက်,လိုက်တဲ့အခါကျတော့ ဘယ်နှစ်မျိုးရှိသွားသတုံး...။ (ခြောက်မျိုးပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာဘယ်နှစ်မျိုးရှုရမှာပါလိမ့်မလဲလို့ မေးတော့၊ ရှုရမှာတော့ သုံးမျိုးပဲဘုရား၊ ပေါ်ရာဌာနနဲ့ လိုက်လို့ရှိရင်တော့ အခု မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနဲ့ပါ ပေါင်းမည်ဆိုရင် မနည်းလှဘူးပေါ့ဗျာ...။ (မှန်ပါ့)၊ သို့သော် သိထားရင်ဖြင့် တော်ပြီဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါတယ်ဘုရား)။

**ဝေဒနာတွေရှုမှ ပပဉ္စသေမယ်**

ကောင်းပြီ...ဒါဖြင့် ဝေဒနာတွေ ရှုပါမှ ပပဉ္စဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ သေမယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (မှန်လှပါ)၊ ဒီဝေဒနာတွေ ရှုပါမှ...(ပပဉ္စ သေပါမယ်)၊ ပပဉ္စသေမယ်လို့ ဘုရားက ဟောသည်ဖြစ်လေသောကြောင့် ကျုပ်တို့ ဝေဒနာကိုတော့ မရှုရင် ဖြစ်ပါ့မလား...။ (မဖြစ်ပါဘုရား)။

အဲ...ဝေဒနာ ရှုမယ်ကြံတော့ ဝေဒနာက အခု ဝမ်းထဲမှာ ပေါ်တာက သုံးခု၊ ပြင်ဘက်မှာ ပေါ်တာသည်

ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အကျဉ်းဆိုတော့ သုံးခုပေါ့ဗျာ၊ အကျယ်သည်ကားလို့ဆိုရင် ဌာနအားဖြင့်တော့ ခြောက်ခုပေါ့၊ မှီဝဲသင့်၊ မမှီဝဲသင့် အနေအားဖြင့် ခြောက်ခု ပေါ့၊ ဆရာဘုန်းကြီး ပြောခဲ့တဲ့အတိုင်းပဲ သိထားကြဖို့ သတိပေးပါတယ်၊ သဘောပါကြလား...။ (ပါ့,ပါပြီဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ ပေါ်ရာကို ခင်ဗျားတို့ လိုက်ရမယ်နော်...။ (မှန်ပါ့)၊ ကိုယ်ပေါ်မှာပေါ်ရင်...(ကိုယ် ပေါ်မှာ လိုက်ရပါမယ်)၊ ဝမ်းထဲမှာပေါ်ရင်...(ဝမ်းထဲမှာ လိုက်ရမယ်)။

အင်း...ဟာင်...ကိုယ်ပေါ်မှာပေါ်ရင်...(ကိုယ်ပေါ်လိုက်၊ ဝမ်းထဲမှာပေါ်ရင်...(ဝမ်းထဲလိုက်)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာပေါ်ရင်...(မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာ လိုက် ရပါမယ်)၊ ဝမ်းထဲမှာပေါ်ရင်...(ဝမ်းထဲလိုက်ရပါမယ်)၊ ကိုင်း...နာရီကလဲ စေ့နေလို့ ရှုနည်းတိုတိုကလေး ပေးလိုက် မယ်၊ နောက်လဲ အကျယ်တဝင့်လဲ ပြောပါလိမ့်မယ်နော်...။ (မှန်ပါ့ဘုရား)။

ကဲ...ဒကာ ဒကာမတွေ ရထားတဲ့ ပါဠိကလေး နှစ်လုံးကို ဦးခင်မောင် သေသေချာချာ မှတ်စမ်းပါ...။ (မှန်ပါ့)၊ ဟေ်ပဿိကော...တဲ့၊ ရကြရဲ့လား...။ (ရပါ တယ်)၊ ဆိုစမ်းပါဦး...။ (ဟေ်ပဿိကောပါဘုရား)၊ ရတယ်နော်...။ (မှန်ပါ့)၊ ဟေ်က မြန်မာလို ပြန်လိုက်တော့

လာခဲ့၊ ပဿိက ရှုပါ…(မှန်ပါ့)၊ ဟေဝိက…(လာခဲ့)၊ ပဿိက…(ရှုပါ)၊ ဒီ တရားက အခု ပြောခဲ့တဲ့ တရားတွေက လာပါ၊ ရှုပါလို့ သူတို့က ခေါ်တယ်၊ ဒီခြောက်ခုက ဘာပါလိမ့်…။ (လာပါလို့ခေါ်ပါတယ်)၊ ဟေဝိပဿိကော ခေါ်သမားနော်…။ (မှန်ပါ့)။

ဟေဝိ၊ လာခဲ့ပါ။ ပဿိ၊ ကျုပ်တို့ကို ရှုပါ။ သဘော ကျပလား…။ (ကျပါပြီ)၊ ဟေဝိက…(လာခဲ့ပါ)၊ ပဿိက…(ရှုပါ)၊ ရှုပါဆိုတော့ ဒီခြောက်ခုက ဘယ်လိုများ ပြောလေ့ ရှိပါလိမ့်…။ (ခေါ်ပါတယ်ဘုရား)၊ လာရှုပါလို့…(မှန်ပါ့)၊ ကျုပ်တို့ ခေါ်လိုက်တယ်၊ လာရှုပါလို့၊ သဘောကျပလား…။ (ကျပါပြီ)၊ ကျုပ်တို့ ခေါ်နေတယ်…။ (လာရှုပါလို့)၊ လာရှုပါလို့ ခေါ်တယ်လို့၊ ဒါဖြင့် အခေါ်သမားက ဦးခင် မောင် ဘယ်လောက်တဲ့တုံး…။ (ခြောက်ခုပါဘုရား)။

ခြောက်ခု သေချာကြပလား…။ (သေချာပါတယ်)၊ မဖြစ်ဘဲနဲ့နေရင် ခြောက်ခုပါပဲ…။ (မှန်ပါ့)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)၊ ဒါဖြင့် ဤခြောက်ခုသာ ဘယ် ပါဠိတော်အတိုင်း ဒကာ ဒကာမတွေ သူ ပြောလေ့ဆိုလေ့ ရှိသလဲလို့ မေးလို့ရှိရင် ခင်ဗျားတို့ ဓမ္မဂုဏ်တော်ထဲမှာ ဟေဝိပဿိကော မှတ်ထားစမ်းပါ…။ (မှန်ပါ့)၊ ဟေဝိက ဘာတုံး…။ (လာပါ)၊ ပဿိက…(ရှုပါ)။

ဒါဖြင့် သူတို့က လာရှုစမ်းပါ၊ လာရှုစမ်းပါလို့

ခေါ်ပါတယ်၊ သဘောကျပလား…။ (မှန်ပါ့)၊ သူတို့က ဘယ်လိုခေါ်ပါလိမ့်…။ (လာရူပါ, လာရူပါလို့ ခေါ်ပါတယ်)၊ ခင်ဗျားတို့က မဂ္ဂင်ငါးပါး * လိုက်ရမယ်၊ သန္ဒိဋ္ဌိကော ရွတ်လိုက်ကြစမ်း၊ ဘာတဲ့တုံး…။ (သန္ဒိဋ္ဌိကောပါဘုရား)၊ သန္ဒိဋ္ဌိကော သာမံ ပဿိ တဗ္ဗော…(မှန်ပါ့)၊ သန္ဒိဋ္ဌိကောဆိုတာ သာမံ၊ ကိုယ်တိုင်။ ပဿိတဗ္ဗော၊ မြင်အောင်လိုက်ပါ…။ (မှန်ပါ့ဘုရား)။

## အလိုက်သမားက ငါးပါး

ခင်ဗျားတို့က ဟေဝိ ပဿိကောက ခေါ်လို့ရှိရင် သန္ဒိဋ္ဌိကောက လိုက်ပါ၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ ဟေဝိပဿိကောက ခေါ်ခဲ့သော်…(သန္ဒိဋ္ဌိကောနဲ့လိုက်ပါ)၊ ကိုယ်တိုင်သာ လိုက်ပါ…။ (မှန်ပါ့)၊ ဟောဒီငါးလုံးနဲ့ ဒီဝေဒနာလေးဖြစ်ပျက်ကို မြင်အောင်လိုက်ပါ၊ သဘောကျပလား…။ (ကျပါပြီ)၊ သူက ဘာတဲ့တုံး…။ (သန္ဒိဋ္ဌိကောပါ)၊ ကိုယ်တိုင်မြင်အောင် လိုက်ရမည့်တရားက ဘယ်လောက်ပါလိမ့်…။ (ငါးပါးပါဘုရား)။

---

* မဂ္ဂင်ငါးပါး

၁။ သမ္မာဒိဋ္ဌိ။ ၂။ သမ္မာသင်္ကပ္ပ။ ၃။ သမ္မာဝါယမ။
၄။ သမ္မာသတိ။ ၅။ သမ္မာသမာဓိ။

ရောက်ပါပြီ ဆိုတာ ငြင်းဆန်ဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

အချိန်ရောက်တယ် ဆိုတာ တခြားမဟုတ်ပါဘူး၊ ဂံတွေက အားနည်းလာလို့ အချိန်ရောက်ပါပြီ၊ သေခါနီးဖြစ်နေလို့ သေခါဝေး အရေးတွေ ဂရုစိုက်ဖို့အချိန်လဲ လျော့ဖို့ ရောက်ပါပြီဆိုတာ ငြင်းဖို့လိုသေးသလား...။ (မလိုပါဘုရား)။

အဲ...ဒါကြောင့် ဒကာ ဒကာတို့ မသေရာရှာတဲ့အလုပ်ကို ပြောကြပါစို့၊ ဘာပြောရမယ်...(မသေရာရှာတဲ့အလုပ်ကို ပြောရပါမယ်)၊ မသေရာရှာတဲ့အလုပ်ကို ဟောတော့မယ်၊ ဒကာ ဒကာမတွေ မသေရာရှာတဲ့အလုပ်ကို သေသေချာချာ မှတ်ပြီး မသေရာရှာတဲ့ အလုပ်ဟာဖြင့် ဘယ်အလုပ်ပါလိမ့် မတုံး မေးတဲ့အခါကျတော့မှ တဏှာကုန်တဲ့ အလုပ်သည် မသေရာရှာတဲ့ အလုပ်...။ (မှန်လှပါဘုရား)။

ဒါကလေး 'နတ်' လုပ်ပြီးမှတ်လိုက်စမ်းပါ...။(မှန်ပါ)၊ ဒကာ ဒကာမတို့ မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်...။ (တဏှာကုန်တဲ့အလုပ်ပါဘုရား)၊ တဏှာကုန်အောင် လုပ်တဲ့အလုပ်ပဲဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါပြီ)။

အင်း...ဟင်...မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်...။ (တဏှာကုန်အောင် လုပ်တဲ့အလုပ်ပါ

မနဿ ဝေဒနာကော...(နှစ်မျိုးပါဘုရား)၊ ဥပေက္ခာဝေဒနာကော...(နှစ်မျိုးပါဘုရား)။

ကောင်းပြီတဲ့၊ ဝေဒနာ အခုပြထားတော့ သောမနဿက နှစ်မျိုး၊ ဒေါမနဿက နှစ်မျိုး၊ ဥပေက္ခာက နှစ်မျိုးဆိုတော့ ဒကာ ဒကာမတို့ ခြောက်မျိုးမနေဘူးလား...။ (မှန်လှပါဘုရား)၊ ခြောက်မျိုးပေမယ့် သောမနဿဆိုတော့ သေ ၂နဿချင်းအတူတူပါပဲ၊ ဒေါမနဿချင်းကော... (အတူတူပါဘုရား)၊ ဥပေက္ခာချင်းကော...(အတူတူပါဘုရား)၊ အတူတူပါပဲ...တဲ့၊ သို့သော် ဘယ့်နှယ်ကြောင့် ဗုဒ္ဓဘုရားသည် ဤနေရာမှာ သောမနဿ နှစ်မျိုး၊ ေ၊မနဿ နှစ်မျိုး၊ ဥပေက္ခာနှစ်မျိုးထားပြီး ဟောပါလိမ့်မလဲ လို့ ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတို့ ယနေ့ ရှင်းပြပါတော့ မယ်...။ (မှန်ပါ့)။

သောမနဿက ခင်ဗျားတို့ အပါယ်ကျစေတတ်တဲ့ သောမနဿက တစ်မျိုး၊ သဘောကျပလား...။ (ကျ ါပြီ)၊ အပါယ်ကျစေတတ်တဲ့ သောမနဿက တစ်မျိုးပါ၊ ပါယ် မကျစေတတ်တဲ့ သောမနဿက...(တစ်မျိုးပါ)။

ဩော်...ဒါကြောင့် နှစ်မျိုးပြော ာကိုး...။ (မှန်လှပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ သောမနဿက အပါယ်ကျစေတတ်တဲ့...(သောမနဿတစ်မျိုး)၊ အပါယ်

ရှင်းပလား…။ (ရှင်းပါပြီဘုရား)၊ အနိစ္စ…(မဂ္ဂနဲ့လိုက်ပါ)၊ ခေါ်တာက ပါဠိတော် ဘယ်သူပါလိမ့်…။ (ဟေဝိပဿိကော ပါဘုရား)၊ အလိုက်သမားက…(သန္ဒိဋ္ဌိကောပါ)၊ ဪ… ဟေဝိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်ပါ…။ (မှန်ပါ့)။

ဟေဝိပဿိကော ခေါ်ရာကို…(သန္ဒိဋ္ဌိကောနဲ့လိုက်ပါ)၊ သန္ဒိဋ္ဌိကောနဲ့ လိုက်ပါဆိုတာ သဘောကျပလား…,။ (မှန်ပါ့)၊ ကဲ…လိုက်ခြင်း၏အကျိုး၊ မလိုက်ခြင်း၏ အပြစ်ကိုတော့ နက်ဖြန်မှ ရှင်းမယ်။

ကိုင်း…ယနေ့ ဒီတွင် တော်ကြဦးစို့…။

သာဓု…သာဓု…သာဓု…။